မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်၊ ၂၀၀၇ ခုနှစ်၊ ဧပြီ ၁၇ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၉၄)

အောင်ခြင်းကို ဆောင်ကြဉ်းကြပါစို့

နှစ်ဟောင်းကုန်ပျောက် နှစ်သစ်သို့ကူးပြောင်းရာ ပထမဦးဆုံးသော ရက်တစ်ရက်ကို နှစ်ဆန်းတစ်ရက်ဟု ခေါ်ဝေါ်ကြသည်။ ယခု ၁၃၆၉ ခုနှစ်ဟု ဆိုအပ်သော နှစ်သစ်၏ နှစ်ဆန်းတစ်ရက်နေ့သည် ကဆုန်လဆန်း ၂ရက် (အင်္ဂါနေ့)ဖြစ်ပါသည်။

နှစ်ဆန်းတစ်ရက်ဟူသည် တစ်နှစ်လုံးတွင်မှ တစ်ရက်သာ ဆုံစည်းရသော ရက်ထူးရက်မြတ်ဖြစ်သည်။ ယင်းရက်ထူးရက်မြတ်တွင် ကောင်းမှုကုသိုလ် အထူးအမြတ်တို့ကို ထူးမြတ်သော စိတ်စေတနာဖြင့် ထူးမြတ်စွာ ပြုအပ်ကြပါကုန်၏။

စာမျက်နှာ ၆ ကော်လံ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၌ တာဝန်ရှိသူများနှင့် ဆရာဝန် ဆရာမများအား တွေ့ဆုံမှာကြား

နေပြည်တော် ဧပြီ ၁၆

မန္တလေးတိုင်း ပြင်ဦးလွင်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့သွားရောက်ပြီး တာဝန်ရှိသူများနှင့် ဆရာဝန် ဆရာမများအား တွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။**(အပေါ်ပုံ)** ***စာမျက်နှာ ၈ ကော်လံ ၁*** ❐

လူသစ် စိတ်သစ် အားမာန်သစ် ၁၃၆၉ မြန်မာ့နှစ်သစ်

မြန်မာ့အလင်း

ဆောင်းပါး၊

ကဗျာ

အညွှန်း

နှစ်ဦးဆုမွန်

* နှစ်ဦးချိန်ခါမင်္ဂလာတည့်
ကမ္ဘာသူ ကမ္ဘာသား
လူသားအားလုံး၊ ပီတိဖုံး၍
ရွှင်ပြုံးကြည်သာအဖြာဖြာ
လိုရာဆန္ဒပြီးပြည့်ဝစေ
ဘဝသက်တာ၊ စိတ်ချမ်းသာ၍
ကျန်းမာရွှင်လန်းကြပါစေ။

ခြိမ့်နိုင်၏ ကဗျာ (စာ-၂၀)

၃၈ဖြာ မင်္ဂလာတရားတော်

၃၈ ဖြာ မင်္ဂလာတရားတော်နှင့်အညီ ကျင့်ကြံနေထိုင်ကြသည့် ကမ္ဘာတစ်ဝန်း မည်သည့်ဒေသမဆို ငြိမ်းအေးမှု သန္တိသုခကို ပေးစွမ်းနိုင်သကဲ့သို့ ထိုတရားနှင့် ဆန့်ကျင်ဖီလာ ကင်းကွာစွာ နေထိုင်ကြပါကလည်း ဒုက္ခမျိုးစုံနှင့် တွေ့ကြုံရတတ်ကြပါသည်။

ဆောင်းပါး (စာ-၇)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

17-4 (01) 1 4/17/07, 1:54 PM

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဖြစ်ပေါ်ရေး နှစ်သစ်တွင် နိုးကြားတက်ကြွသော အားမာန်တို့ဖြင့် ဆက်လက်ဖော်ဆောင်

၁၃၆၉ ခုနှစ် ကဆုန်လဆန်း၂ရက် (၂၀၀၇ခုနှစ် ဧပြီ၁၇ရက်) အင်္ဂါနေ့(ယနေ့)သည် မြန်မာတို့၏နှစ်ဦး နှစ်သစ်ကူး အခါသမယဖြစ်သည်။

၁၃၆၈ခုနှစ် ကုန်လွန်၍ ၁၃၆၉ ခုနှစ်သို့ ကူးပြောင်းရောက်ရှိခဲ့ပြီ ဖြစ်သည်။ မြန်မာ့ရိုးရာသင်္ကြန် နှစ်သစ်ကူးပွဲတော်ကာလအတွင်း တစ်ဦးနှင့်တစ်ဦး အတာရေပက်ဖျန်းကစားခဲ့သဖြင့် အေးမြကြည်လင် ပျော်ရွှင်ခဲ့ကြသည်။ နှစ်ဟောင်းမှ အညစ်အကြေး အကုသိုလ်ဒုစရိုက်များကို အတာရေဖြင့် ဆေးကြောသန့်စင်ကာ နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ အားမာန်သစ်ဖြင့် အနာဂတ်ခရီး ဆက်လက်လျှောက်လှမ်းကြရမည် ဖြစ်သည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့၌ ဗုဒ္ဓဘာသာဝင် မြန်မာများသည် မိမိနေထိုင်ရာ နေအိမ်များမှအစ နိုင်ငံတစ်ဝန်းလုံးတွင် တစ်နှစ်ပတ်လုံး ဘေးဘယာကင်းပြီး ချမ်းသာသုခရရှိခံစားနိုင်စေရန် ဆရာတော်၊ သံဃာတော်များအား ပင့်လျှောက်ကာ ပရိတ်တရား ဒေသနာတော်များ ရွတ်ဖတ်ခြင်း၊ အန္တရာယ်ကင်း ကမ္မဝါစာများ ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်ပေးခြင်းစသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်။

ထို့အပြင် မင်္ဂလာနှစ်သစ်တွင် ကုသိုလ်ကောင်းမှုရရှိစေရန်အတွက် စတုဒိသာကျွေးမွေးခြင်း၊ သက်ကြီးရွယ်အိုများအား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်း လှီးဖြတ်ပေးခြင်း၊ သတ္တဝါများ ဇီဝိတဒါန ဘေးမဲ့လွှတ်ပေးခြင်း ပြုလုပ်ကြသည့်အပြင် ဘုရား၊ ကျောင်းကန်များတွင် ဥပုသ်သီလ ဆောက်တည်ကြသည်။

ယခုကဲ့သို့ မြန်မာပြည်သူ ပြည်သားအပေါင်းတို့ အေးချမ်းပျော်ရွှင်စွာ အတာရေသဘင်ပွဲ ဆင်နွှဲနိုင်ခြင်း၊ ကောင်းမှုကုသိုလ် ပြုနိုင်ခြင်းတို့မှာ နိုင်ငံတစ်ဝန်း တည်ငြိမ် ငြိမ်းချမ်းခြင်းကြောင့် ဖြစ်သည်။

နိုင်ငံတော်က တိုင်းရင်းသား ပြည်သူများအပေါ် ထားရှိသော မွန်မြတ်သည့် မေတ္တာစေတနာကို ပြည်သူအပေါင်းက သိမြင်သဘောပေါက်ပြီး နိုင်ငံတော်၏သစ္စာကို စောင့်သိရိုသေကာ နှစ်သစ်ကာလတွင် တိုင်းကျိုးပြည်ဆောင်လုပ်ငန်းများတွင် ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ရရှိဖြစ်ထွန်းနေသည့် အခြေခံကောင်းများကို အခြေပြုပြီး တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက နိုးကြားတက်ကြွသော စိတ်ဓာတ်အားမာန်တို့ဖြင့် အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဖြစ်ပေါ်ရေးအတွက် ၁၃၆၉ ခုနှစ် မြန်မာ့နှစ်သစ် မင်္ဂလာအခါသမယတွင် ဆက်လက်လက်တွဲ ဖော်ဆောင်ကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံ ပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

အမည်၊ လက်ရှိရာထူး၊ ဌာန	ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန
(က) ဦးခင်မောင်အေး ဦးဆောင်ညွှန်ကြားရေးမှူး မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန
(ခ) ဦးမြင့်ရွှေ ညွှန်ကြားရေးမှူးချုပ် ပျားလုပ်ငန်းဦးစီးဌာန မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် မွေးမြူရေးနှင့် ရေလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာန မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် နှစ်သစ်ကူး ရေသဘင်ပွဲတော်၌ ရေကစားနေကြသူများကို ဧပြီ ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ထိုင်းနှစ်သစ်ကူး ရေသဘင်ပွဲတော် ငါးရက်မြောက်ဆင်နွှဲ ယာဉ် မတော်တဆမှု ၃၄၀၆ ခုဖြစ်ပွား ၂၇၃ ဦးသေဆုံးပြီး ၃၈၃၂ ဦး ဒဏ်ရာရရှိ

ဗန်ကောက် ဧပြီ ၁၆

ထိုင်းနိုင်ငံနှစ်သစ်ကူးကာလ ယာဉ်မတော်တဆဖြစ်မှုအန္တရာယ်အများဆုံးရက်သတ္တပတ်၏ ပထမငါးရက်အတွင်း နိုင်ငံတစ်ဝန်း၌ ယာဉ်မတော်တဆမှုပေါင်း ၃၄၀၆ခု ဖြစ်ပွားရာ လူ၂၇၃ ဦးသေဆုံးပြီး ၃၈၃၂ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့(တနင်္လာနေ့)တွင် ဒေသမီဒီယာတစ်ခုအရသိရသည်။

ယာဉ်မတော်တဆဖြစ်ပွားမှုများမှာ မူးယစ်သောက်စားပြီး ယာဉ်မောင်းနှင်မှု၊ သတ်မှတ်မိုင်နှုန်းထက် ကျော်လွန်၍ ယာဉ်မောင်းနှင်မှုတို့ကြောင့် ဖြစ်ပွားရကြောင်း ထိုင်းပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။

ဖော်ပြ

ဧပြီ၁၄ ရက်(စနေနေ့)တစ်ရက်တည်းမှာပင် ယာဉ်တိုက်မှု ၇၈၆မှုဖြစ်ပွားကာ လူ၆၇ဦးသေဆုံးပြီး ၈၈၆ဦးဒဏ်ရာရရှိခဲ့ကြောင်း ထိုင်းနေ့ရှင်းသတင်းစာ၌ ဖော်ပြထားသည်။ ဧပြီ၁၁ ရက် (ဗုဒ္ဓဟူးနေ့)မှ ဧပြီ၁၄ရက်အထိ ယာဉ်မတော်တဆမှုများကြောင့် အများအပြား သေဆုံး၊ထိခိုက်ဒဏ်ရာရရှိခဲ့ကြရသည်။

စတင်ခဲ့

ထိုင်းဆွန်ကရန်သင်္ကြန်ပွဲတော်ရက်များမှာ ဧပြီ ၁၃ရက်က စတင်သော်လည်း အစိုးရက လူအသေအပျောက်ရေတွက်မှုကို ဧပြီ ၁၁ရက်ကပင် စတင်ခဲ့သည်။

နှစ်စဉ်

ယာဉ်တိုက်မှုအများဆုံး ဖြစ်ပွားသည့် ဒေသများမှာ နိုင်ငံမြောက်ပိုင်း ပစ်ဆန်နုလော့ပြည်နယ်နှင့် နိုင်ငံအရှေ့မြောက်ပိုင်း နာခွန်ရက်ချာစီမာပြည်နယ်တို့ဖြစ်ကြောင်း သိရသည်။ ဆွန်ကရန်ရေသဘင်ပွဲတော်ကာလအတွင်း ယာဉ်မတော်တဆမှုများ နည်းပါးစေရေးအတွက် အစိုးရက အစီအစဉ်များ ချမှတ်ဆောင်ရွက်လင့်ကစား ယာဉ်မတော်တဆမှုများ များပြားနေဆဲ ဖြစ်ကြောင်း၊ အများစုမှာ မော်တော်ဆိုင်ကယ် မတော်တဆမှုများဖြစ်ကြောင်း သိရှိရပြီး ထိုင်းနိုင်ငံတွင် ယာဉ်မတော်တဆမှုများကြောင့် လူရာနှင့်ချီ၍ နှစ်စဉ်သေဆုံးမြဲ ဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကာဘာလာမြို့ရှိ ဘတ်စ်ကားဂိတ်တွင် ကားဗုံးပေါက်ကွဲ လူ ၅၀ သေဆုံးပြီး ၂၂၄ ဦးဒဏ်ရာရရှိ

ကာဘာလာ ဧပြီ ၁၆

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တော်၏လုံခြုံရေးထူထပ်စွာချထားသောအစိမ်းရောင်နယ်မြေအတွင်းရှိ ပါလီမန်အဆောက်အအုံဝင်းအတွင်း ဧပြီ ၁၂ ရက်က အသေခံဗုံးခွဲမှုဖြစ်ပွားခဲ့ပြီးနောက် ဘဂ္ဂဒက်အနောက်ဘက် ကီလိုမီတာ ၁၁၀ မိုင်၇၀ အကွာရှိ ကာဘာလာမြို့တွင် ဧပြီ ၁၄ ရက်က ဘတ်စ်ကားဂိတ်တစ်နေရာတွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ၅၀ သေဆုံးပြီး ၂၂၄ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့နှင့် ဆေးရုံသတင်းရပ်ကွက်များက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ယင်းကားဗုံးပေါက်ကွဲမှုကြောင့်သေဆုံးသူရှစ်ဦးမှာကလေးများဖြစ်ကြောင်း ကာဘာလာကျန်းမာရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆာလင်းခါဟင်းက ပြောကြားသည်။

စည်ကား

ဈေးဆိုင်များဖြင့်စည်ကားသည့် နေရာအနီးတွင် ကားဗုံးပေါက်ကွဲခဲ့ရာတွင် ဒဏ်ရာရသူ ၂၂၄ ဦးမှာ အမျိုးသား ၁၃၈ဦးနှင့် အမျိုးသမီး ၈၆ဦးဖြစ်ကြောင်း၊ဒဏ်ရာရသူများတွင်အီရန်ဘုရားဖူးငါးဦးလည်းပါဝင်ကြောင်း ၎င်းက ပြောကြားသည်။ ကာဘာလာမြို့သည် ကမ္ဘာတစ်ဝန်းမှလာရောက်သည့် ရှီးယတ်ဘုရားဖူးများဖြင့် စည်ကားရာမြို့ဖြစ်သည်။

(အင်တာနက်)

မြဝတီရုပ်မြင်သံကြား

၁၇-၄-၂၀၀၇
(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မြတ်ဘုရားဒေသနာ

ဣန္ဒြေငါးပါး အင်အားညီမှ

- ၅:၀၀ ၄။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၅။ ခါသင်္ကြန်အဆိုအကများ
- ၅:၂၅ ၆။ ပညာခေတ်
- ၅:၄၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၉။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၀။ မိုးလေဝသသတင်း
- ၆:၃၀ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၂။ ခါသင်္ကြန် အဆိုအကများ
- ၆:၄၀ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မေတ္တာစမ်းရေ** (အပိုင်း-၈)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ မွေးမြူသုတ
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီး**(ဒုတိယတွဲ) (အပိုင်း-၃၆)

ရန်ကုန်မြို့တွင် အေးချမ်းပျော်ရွှင်စွာ အတာရေသဘင်ပွဲဆင်နွှဲ

မဟာသင်္ကြန်အကြိုနေ့

မဟာသင်္ကြန် အကျနေ့

ဓာတ်ပုံ မှတ်တမ်း သိန်းဝင်းလေး၊ တင်စိုး။ (မြန်မာ့အလင်း)

မဟာ သင်္ကြန် အကြတ်နေ့



မဟာသင်္ကြန်အတက်နေ့
ရန်ကုန်မြို့တစ်ခွင်သင်္ကြန်တေးသံများဖုံးလွှမ်း
ချစ်ခင်ပျော်ရွှင်စွာ အတာရေသဘင်ပွဲဆင်နွှဲ

ရန်ကုန် ဧပြီ ၁၆

သင်္ကြန်နောက်ဆုံးရက် အတက်နေ့က ရန်ကုန်တိုင်းအတွင်း မြို့နယ်အသီးသီးရှိ လမ်းတစ်လျှောက်၌ မဏ္ဍပ်ကြီးငယ်များတည်ဆောက်၍ ရေကစားကြသူ ပြည်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ချစ်ခင်ပျော်ရွှင်စွာ ရေကစားကြသည်။

မဟာသင်္ကြန်အတက်နေ့က ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းနှင့် ဗီဇဝါလမ်းထောင့်ရှိ စိန်ဘယက် ဆေးတိုက်မိသားစု ရေသဘင်မဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေပက်ကစားကြစဉ်။ (မြန်မာ့အလင်း)

ရန်ကုန်မြို့ရှိ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ရန်ကုန် အနောက်ပိုင်းခရိုင်နှင့် ရန်ကုန်မြောက် ပိုင်းခရိုင်အတွင်းမှ မြို့နယ်များ၌ ရေကစားမဏ္ဍပ်များ၊ ရေပက်ခံမော် တော်ယာဉ်များ၊ ရေလောင်းရေပက်ကြသူများဖြင့် အထူးစည်ကားလှသည်။

ရေပက်ကစား

ယင်းသို့ ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားကြရာတွင်မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ ပိတောက်ရွှေရည် ရေကစားမဏ္ဍပ်၊ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ မြဝတီရေ ကစားမဏ္ဍပ်၊ ဗိုလ်တထောင်မြို့နယ် မဟာ

စည်ကား

ထို့အတူတာမွေမြို့နယ် ဗညားဒလလမ်းနှင့် အနောက်မြင်းပြိုင်ကွင်းလမ်း၊ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းလျားလမ်း၊ ကမာရွတ်မြို့နယ် ပြည်လမ်းတစ်လျှောက်တို့နှင့် မြို့နယ်အသီးသီးရှိ လမ်းများ၌ လည်း

မဟာသင်္ကြန်အတက်နေ့က အင်းလျားလမ်းတစ်လျှောက် ပြည်သူများ ဤသို့ ပျော်ရွှင်စွာရေပက်ကစားခဲ့ကြသည်။ (မြန်မာ့အလင်း)

ဖျော်ဖြေတင်ဆက်

ထို့ပြင် ရေကစားမဏ္ဍပ်များ၌ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ အနုပညာရှင်များက သင်္ကြန်ချစ်သူပြည်သူများအား ခါသင်္ကြန် အဆိုအကများ၊ ခေတ်ပေါ် တေးသီချင်းများဖြင့်ပျော်ရွှင် မြူးကြွစွာဖျော်ဖြေတင်ဆက်လျက်ရှိရာ ရန်ကုန်မြို့တစ်ခွင်လုံးတွင် သင်္ကြန်တေးသံသာများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။

ဗန္ဓုလလမ်းရှိ ပိတောက်ရိပ်မိသားစု ရေကစားမဏ္ဍပ်၊ကန်တော်ကြီးဥယျာဉ် အတွင်းရှိ မြန်မာဘရူဝါရီလီမိတက် ရေကစားမဏ္ဍပ်၊ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းရှိ ရွှေစံပယ်ရိပ်မွန် ရေကစားမဏ္ဍပ် အစရှိသည်တို့၌လည်း တေးသံရှင်များက ခါသင်္ကြန် တေးသီချင်းများဖြင့် လည်းကောင်း၊ ယိမ်းအဖွဲ့များက မြန်မာ့ရိုးရာသင်္ကြန် ယိမ်းများဖြင့် လည်းကောင်း သီဆိုကပြ ဖျော်ဖြေ တင်ဆက်ကြပြီး ပျော်ရွှင်စွာ ရေပက်ကစားကြသည်။

ဖျော်ဖြေရေးစင်မြင့်များ၊ ရေကစားမဏ္ဍပ်များတွင် ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

ပျော်ရွှင်ကြည်နူး

ထို့အပြင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ သန်လျင်မြို့နယ်၊ ဒလမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ အင်းစိန်မြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ မှော်ဘီမြို့

ကုသိုလ်ယူ

မဟာသင်္ကြန်အတက်နေ့က နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အဘိုး အဘွားများအား ဗုဒ္ဓဘာသာမင်္ဂလာယဉ်ကျေးမှုသင်တန်းမှ သင်တန်းသား သင်တန်းသူများက တစ်ကိုယ်ရေသန့်ရှင်းရေး လုပ်အားပေးကုသိုလ်ယူစဉ်။ (သတင်းစဉ်)

မဟာသင်္ကြန်အတက်နေ့က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ Tong Tah Company Limited မိသားစု ရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေပက်ကစားခဲ့ကြစဉ်။ (မြန်မာ့အလင်း)

နယ်နှင့်လှည်းကူးမြို့နယ်တို့၌လည်း ရေကစားမဏ္ဍပ်ငယ်များ ဆောက်လုပ်၍ မိသားစုအလိုက်၊ အစုအဖွဲ့လိုက်၊ လမ်းများ၊ ရပ်ကွက်များ အလိုက် ပျော်ရွှင်ကြည်နူးစွာ ရေပက်ကစားကြသည်။

တိုးမပေါက်

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ်ရှိ Myanmar Towards Co.,Ltd. (Valiant) မိသားစု ရေကစားမဏ္ဍပ်၌ လှပျိုဖြူကလေးများက နှစ်သစ်ကို ကြိုဆိုလျက်ပျော်ရွှင်စွာ အတာရေပက်ဖျန်းကစားကြပြီး အကပဒေသာများဖြင့်လည်းကောင်း၊ တေးသံရှင်များကလည်း သင်္ကြန်တေးသီချင်းများဖြင့်လည်းကောင်း ဖျော်ဖြေကြရာ သင်္ကြန်ချစ်သူပြည်သူများ၊ ရေပက်ခံမော်တော်ယာဉ်များဖြင့် တိုးမပေါက်အောင် အထူးစည်ကားလျက်ရှိသည်။

ကျေးမွေးလူ့ဒါန်း

သင်္ကြန်ကာလအခါသမယတွင် မြန်မာလူမျိုးတို့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ စိတ်သစ်၊ လူသစ်၊ အားမာန်သစ်တို့ဖြင့် ကူးပြောင်းရန်

စာမျက်နှာ ၅ ကော်လံ ၁

မဟာသင်္ကြန်အတက်နေ့က ရေပက်ကစားသူ ပြည်သူများဖြင့် စည်ကားနေသည်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

စာမျက်နှာ ၄ မှ

စိတ်အားထက်သန်စွာဖြင့်ပျော်ရွှင်စွာ ရေကစားကြသကဲ့သို့ ကောင်းမှုကုသိုလ်အဖြစ် မြန်မာ့ရိုးရာစားစရာများဖြစ်သည့် မုန့်လုံးရေပေါ်၊ ဆီထမင်း၊ မုန့်လက်ဆောင်း၊ ရွှေရင်အေး စသည်တို့ဖြင့်လည်း စေတနာကျွေး မွေးလှူဒါန်းကြသည်ကို တွေ့ရှိရသည်။

ကျွေးမွေးလှူဒါန်း

မြန်မာလူမျိုးတို့၏ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ မဟာသင်္ကြန်ကာလအတွင်း သင်္ကြီးပူဇော်ပွဲများ၊ ဓီဝိတဒါန ဘေးမဲ့လွှတ်ပွဲများ ကျင်းပပြီး ကုသိုလ်ယူကြသကဲ့သို့ ရွှေတိဂုံစေတီ၊ ဆူးလေစေတီ၊ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီ၊ စွယ်တော်မြတ်စေတီ (ရန်ကုန်)၊ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်၊ မဟာဝိဇယစေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ မယ်လမုဘုရား၊ ကျိုက္ကဆံစေတီတော်၊ ကိုးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ငါးထပ်ကြီးဘုရားနှင့် ရွှေဘုန်းပွင့်စေတီတော်တို့၌ ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ တရားဘာဝနာ ပွားများအားထုတ်ကြသူများ၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာ ကပ်လှူပူဇော်ကြသူများ၊ အာဟာရဒါန ကျွေးမွေးလှူဒါန်းကြသူများဖြင့် အထူးစည်ကား များပြားစွာ တွေ့ရှိရသည်မှာ စိတ်ချမ်းမြေ့ ပျော်ရွှင်ဖွယ်ရာ မြင်ကွင်းများပင် ဖြစ်သည်။

လောင်းလှူ

ယင်းသို့ ကုသိုလ်ကောင်းမှုပြုလုပ်ကြရာတွင် ဗဟန်းမြို့နယ် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်ကော်မတီက ကြီးမှူးစီစဉ်မှုဖြင့်အဘိုး၊ အဘွားများက နံနက်ပိုင်းတွင် ဆရာတော်သံဃာတော်များအား နေ့ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

သီလဆောက်တည်

ထို့အတူ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက မဟာသင်္ကြန်ရက်အတွင်း (၁၆)ကြိမ်မြောက် အဖြစ် နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ ဘိုးဘွားများအား နေ့စဉ်ကျွေးမွေးလှူဒါန်းပွဲကို နံနက် ၉ နာရီ ၄၅ မိနစ်တွင် သီရိရတနာဓမ္မာရုံ၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပျားလုပ်ငန်းဦးစီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများနှင့် သီးခြားအလှူရှင်များက ဗဟန်းမြို့နယ် သီရိစန္ဒာကျောင်းတိုက် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ပျားလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းမိသားစုများက ဘိုးဘွားရိပ်သာမှ ဘိုးဘွားများအား တစ်နေ့တာ အာဟာရ ကျွေးမွေးလှူဒါန်းကြသည်။

အလားတူ ဘိုးဘွားရိပ်သာမှ ဝန်ထမ်းများနှင့် မိသားစုများက ဘိုးဘွားများအား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း၊ လက်သည်းလှီးပေးခြင်း စသည့် တစ်ကိုယ်ရေသန့်ရှင်းမှုများကို ပြုလုပ်ပေးကြပြီး ကုသိုလ်ယူကြသည်။

ဆောင်ရွက်ပေး

နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်တွင် သင်္ကြန်ချစ်သူပြည်သူများ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ အေးချမ်းပျော်ရွှင်ကြည်နူးချမ်းမြေ့စွာ၊ အန္တရာယ်ကင်းရှင်းစွာ ရေကစားနိုင်ရန် အတွက် သက်ဆိုင်ရာ ဒေသအာဏာပိုင်များနှင့် တာဝန်ရှိအဖွဲ့အစည်းများက အစီအမံများချမှတ်ကာ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ရန်ကုန်တိုင်းအတွင်းရှိ သက်ဆိုင်ရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များကလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူရေကစားမဏ္ဍပ်များနှင့် ရန်ကုန်မြို့တွင်း မြို့ပြင်လမ်းများတစ်လျှောက်၌ မဟာသင်္ကြန်ကာလအတွင်း မလိုလားအပ်မှုများ မဖြစ်ပေါ်စေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြသဖြင့် မဟာသင်္ကြန် နောက်ဆုံးနေ့တွင် သင်္ကြန်ချစ်သူပြည်သူများ အန္တရာယ်ကင်းရှင်းပျော်ရွှင်ချမ်းမြေ့စွာ ရေကစားနိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဟာသင်္ကြန်အတက်နေ့က လသာမြို့နယ် (၄)ရပ်ကွက် (၁၉)လမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ Valiantမိသားစု ရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေကစားကြစဉ်။ (မြန်မာ့အလင်း)

သင်္ကြန်ချစ်သူပြည်သူများ၊ ရေပက်ခံယာဉ်များဖြင့် တိုးမပေါက်အောင် အထူးစည်ကား

မြန်မာ့ရိုးရာ မဟာသင်္ကြန်တွင် မူကြိုသမီးငယ်လေးများ ဤသို့ ကပြဖျော်ဖြေခဲ့ကြသည်။ (မြန်မာ့အလင်း)

မဟာသင်္ကြန်အတက်နေ့က ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ရေကစားမဏ္ဍပ်တွင် ရေပက်ခံသူများ၊ ရေကစားသူများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

မဟာသင်္ကြန်အတက်နေ့က ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ရေကစားမဏ္ဍပ်တွင် ရေပက်ခံသူများ၊ ရေကစားသူများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

ရေကစား

မဟာသင်္ကြန်အတက်နေ့က ရန်ကုန်မြို့ ပြည်လမ်းရှိ ရေကစားမဏ္ဍပ်တွင် ရေပက်ခံသူများ၊ ရေကစားသူများဖြင့် ဤသို့ စည်ကားခဲ့သည်။ (မြန်မာ့အလင်း)

■ ရှေ့ဖုံးမှ

အဘယ်ကြောင့်ဆိုသော် တစ်လလုံးလုံး ကုန်ဆုံးသွားသည့်တိုင်အောင် တစ်ရက်မဆုံနိုင်၊ ဆယ်လလုံးလုံး ကုန်ဆုံးသွားသည့်တိုင် တစ်ရက်မကြုံနိုင်ဘဲ တစ်နှစ်လုံးလုံးတွင်မှတစ်ရက်တည်းသာ ဆုံနိုင်ကြုံနိုင်သော ရက်ထူးရက်မြတ် ဖြစ်သောကြောင့်ပါတည်း။

သို့ဖြစ်ရာ ဤနှစ်ဆန်းတစ်ရက် ရက်ထူးရက်မြတ်မှ စ၍ နှစ်သစ်တစ်နှစ်တာကာလပတ်လုံး ထိုမှ ပစ္စုပ္ပန်တစ်ဘဝတာ ကာလပတ်လုံး ထိုမှထိုမှ အနာဂတ်တာသံသရာတစ်လျှောက် နိဗ္ဗာန်ရောက်သည့် ကာလပတ်လုံးအထိ မျှော်တွေးကာ အောင်ခြင်းကို ဆောင်ကြဉ်းမည့် ကောင်းမှုအထူးအမြတ် ခြေလှမ်းကို စတင်လှမ်းကြပါစို့။

အောင်မြင်ခြင်းကို ဆောင်ကြဉ်းမည့် ကုသိုလ်ကို မြတ်ဗုဒ္ဓ က'ဣဒ္ဓိပါဒ'='အောင်မြင်ခြင်း၏ခြေထောက်' ဟု ညွှန်းဆိုတော်မူ၏။ ခြေထောက်တောင့်တင်းသန်မာပါမှ လိုရာခရီးသို့ အပြီးတိုင်ရောက်ကာ အောင်ပန်းဆင်နိုင်မည် မဟုတ်ပါလော။

ယင်းအောင်မြင်ခြင်း၏ အခြေပါဒတို့သည် လေးမျိုးဖြစ်ပါကုန်၏။ ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်နှင့် ပညာတို့ဖြစ်သည်။

ဆန္ဒ = ဆန္ဒဣဒ္ဓိပါဒ

ဖြစ်ချင်သော၊ မလွဲမသွေ ရယူပိုင်ဆိုင်ချင်သော အထွတ်တပ်ဆန္ဒကို ဆိုလိုပါ၏။ ဥပမာ သုမေဓာရှင်ရသေ့၏ ဆန္ဒမျိုးဖြစ်၏။ သုမေဓာ ရှင်ရသေ့သည် သာဝကမဖြစ်ချင်၊ မဟာသာဝကလည်းမဖြစ်ချင်၊ အဂ္ဂသာဝကလည်းမဖြစ်ချင်၊ ပစ္စေကဗုဒ္ဓလည်း မဖြစ်ချင် သမ္မာသမ္ဗုဒ္ဓ စစ်စစ်သာ ဖြစ်ချင်၏။ ယင်းဗုဒ္ဓစင်စစ်ဖြစ်ချင်သော ဆန္ဒအထွတ်တပ်သောကြောင့်သာ တစ်ချိန်တွင် ကိုယ်တိုင် ဗုဒ္ဓဂေါတမဟု ထင်ရှားစွာ ပွင့်ထွန်းတော်မူလာနိုင်ခြင်းဖြစ်၏။ ထို့ကြောင့် ဖြစ်ချင်ရုံမျှမဟုတ်ဘဲ ထက်သန်သော ဆန္ဒကို အထွတ်တပ်မှသာ ဆန္ဒသည် ဣဒ္ဓိပါဒ မြောက်၏။

ဝီရိယ=ဝီရိယဣဒ္ဓိပါဒ

ဖြစ်ချင်ရုံမျှဖြင့် ဖြစ်မလာနိုင်ကြောင်းကား သိသာလွန်းလှပါ၏။ သို့ဆိုလျှင်ဖြစ်ချင်ပါက ဖြစ်ရာဖြစ်ကြောင်းကို လုံ့လထားရမည်။ ဝီရိယထားရမည်။ လုပ်ဆောင်ရမည်၊ အားထည့်ရမည်၊ ဖြစ်ချင်တာဖြစ်လာရန်အတွက် လုပ်သင့်တာ လုပ်ဆောင်ရမည်။ လုပ်ဆောင်ခြင်း ဝီရိယ၌ ဖွဲ့ဆိုသော ဣဒ္ဓိပါဒ အထွတ်တပ်ရမည်။ ရေတက်ဦး ငါးစင်ရိုင်း မဖြစ်စေရ။ ရေတက်တက် ရေကျကျ အမြဲလှုပ်ရှားနေရမည်။ မဖြစ်လျှင် မနေ၊ မအောင်လျှင်မရပ်။

စိတ်ဓာတ်=စိတ္တဣဒ္ဓိပါဒ

စိတ်ဓာတ်က ပြင်းပြစွာ ထက်သန်နေရမည်။ စိတ်ဓာတ်ကျစရာ ကြုံတွေ့ရရုံမျှဖြင့် မတုန်လှုပ်ရာ၊ အခက်အခဲအနှောင့်အယှက်ဟူသမျှကို 'မာန်နတ်'ဟု သဘောထားရမည်။ ရှင်းရှင်းဆိုရလျှင် မာန်နတ်ကိုတွေ့မှ ဘုရားဖြစ်ရသည်။ မာန်နတ်နှင့်မတွေ့မချင်း ဘုရားစင်စစ်မဖြစ်သေး၊ ယင်းသဘာဝ အမှန်ကို နှလုံးသွင်းလျက် စိတ်ဓာတ်ကို ဣဒ္ဓိပါဒ်မြောက် အထွတ်တပ်ရပါမည်။

ပညာ=ဝီမံသဣဒ္ဓိပါဒ

ဝီမံသဟူသည် အသိဉာဏ်ဖြင့် အမြဲစူးစမ်းလေ့လာ ဖွေရှာဆည်းပူးနေခြင်းကိုဆိုသည်။ အမြဲတမ်းမျက်စိဖွင့်ထားသူအတွက် အခက်အခဲဟူသည် ပိတ်ထားသောတံခါး မဟုတ်တော့ဘဲ တက်ရမည့် လှေကားတစ်ဆစ်သာ ဖြစ်လာတော့သည်။ ထို့ကြောင့် စူးစမ်းလေ့လာရှာဖွေဆည်းပူးခြင်း တည်းဟူသော ပညာကို အထွတ်တပ်ရပါမည်။

ဖော်ပြခဲ့ပြီးသော ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်နှင့် ပညာကို အခြေပါဒပြုနိုင်သည်နှင့်အမျှ အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုး၊ အပြုနှင့်အဖျက်၊ အဖြူနှင့်အမည်း ကွဲကွဲပြားပြား ခွဲခွဲခြားခြား ပို၍ပို၍ စိတ်ဖြာလာနိုင်ကာ အမှား၊ အဆိုး၊ အဖျက်၊ အမည်းတို့ကို ကျောခိုင်းပြီး အမှန်၊ အကောင်း၊ အပြု၊ အဖြူတို့ဆီသို့ ဦးတည်သွားနိုင်တော့မည်ဖြစ်ရကား မိမိနှင့်အတူ အောင်မြင်မှုပါ တစ်ပါတည်းပါလာလေတော့၏။

ထို့ကြောင့် နှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာအခါတော် ရက်ထူး ရက်မြတ်မှသည် တစ်နှစ်တာကာလပတ်လုံး၊ တစ်ဘဝတာ ကာလပတ်လုံး၊ သံသရာ ခရီးတစ်လျှောက် နိဗ္ဗာန်ရောက်သည့် ကာလပတ်လုံးသို့တိုင်အောင် ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာလေးဖြာခြေလှမ်း မနားတမ်း လျှောက်လှမ်းကြရင်း အောင်ခြင်းကို ဆောင်ကြဉ်းနိုင်ရေး အားမွေးနေကြရမည် ဖြစ်ပါသတည်း။ ။

ရတနာစည်ဆရာတော်(လှိုင်လင်)

ငါး၏ စွန့်ပစ်ပစ္စည်းများ ဆီးချိုရောဂါ ဖြစ်ပွားစေနိုင်

မြန်မာ့အလင်း
အင်တာနက်
ကျန်းမာရေး



ငါးအဆီများတွင် တွေ့ရသည့် အချို့သော ဓာတ်ပစ္စည်းများသည် ဆီးချိုရောဂါဖြစ်ပွားစေမှုနှင့် ဆက်စပ်လျက်ရှိကြောင်း အထောက်အထားများ တွေ့ရှိရသည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။

ဆီးချိုရောဂါဖြစ်ပွားစေနိုင်

အဆိုပါ ဓာတ်ပစ္စည်းများ၌ ငါးများ၏ စွန့်ပစ်ပစ္စည်းများပါဝင်လျက်ရှိရာ သွေးထဲတွင်ရှိသော အင်ဆူလင်အားကို လျော့နည်းစေပြီး ဆီးချိုရောဂါဖြစ်ပွားစေနိုင်သည်ဟု နိုင်ငံတကာ သုတေသနပညာရှင် အဖွဲ့တစ်ဖွဲ့က တွေ့ရှိထားသည်။

၎င်းစွန့်ပစ်ပစ္စည်းများသည် ငါးများ၏ အဆီတစ်သျှူးများတွင် ခိုအောင်းလျက်ရှိကြောင်း၊ ၎င်းတို့က သွေးထဲရှိ ဂလူးကို့စ်များကို ဖယ်ရှားပစ်ကြောင်း၊ ယင်းမှာ ဆီးချိုရောဂါဖြစ်ပွားမှု၏ ပထမဆုံးအချက်ပင်ဖြစ်ကြောင်း သုတေသနပညာရှင် ဖရန်ကီဖီးလစ်က ပြောကြားသည်။

အခွင့်အရေးပိုများ

ယခုကဲ့သို့တွေ့ရှိမှုမှာ ၂၀၀၅ခုနှစ်က ဆွီဒင်ပညာရှင်များက လူနာများအား စမ်းသပ်ရာမှ တွေ့ရှိရခြင်းဖြစ်ပြီး ငါးမှ စွန့်ပစ်ပစ္စည်းများ ခန္ဓာကိုယ်တွင် များလေလေ ဆီးချိုရောဂါဖြစ်ပွားရန် အခွင့်အရေးပိုများလေလေ ဖြစ်ကြောင်း သိရသည်။

(ကိုးကား–အင်တာနက်)

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် အလှဖော်ကျူး သင်္ကြန်အကြတ်နေ့ မန္တလေးသင်္ကြန်အထူးစည်ကား

ရန်ကုန် ဧပြီ ၁၆

မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အကြတ်နေ့တွင် သင်္ကြန်ချစ်သူပြည်သူများသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်အစဉ်အလာကောင်းများကို ထိန်းသိမ်းရင်း မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အလှကို ဖော်ကျူးလျက် ယဉ်ကျေးသိမ်မွေ့ ချမ်းမြေ့ပျော်ရွှင်စွာ ရေကစားကြရာ မန္တလေးမြို့ ကျုံးတော်ကြီး ပတ်ပတ်လည် လမ်းတစ်လျှောက်တို့တွင် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

သင်္ကြန် အကြတ်နေ့ဖြစ်သည့် အားလျော်စွာ နံနက်ပိုင်းတွင် ကျုံးအနောက်ဘက် လမ်းတစ်လျှောက် ပေါ်ရှိရေကစား မဏ္ဍပ်တို့၌ နာမည်ကြီး တေးဂီတအဖွဲ့များနှင့် တွဲဖက်၍ သင်္ကြန်တေးအဆိုတော် တေးသံရှင်များ၊ အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေကြပြီး ပျော်ရွှင်စွာ ရေကစားကြရာ ဌာနဆိုင်ရာ သင်္ကြန်မဏ္ဍပ်များနှင့်ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်အဖွဲ့အစည်းများ၏ သင်္ကြန်ရေကစား မဏ္ဍပ်ရှေ့တို့တွင် ကမ္ဘာလှည့် ခရီးသည်များ၊ မြန်မာနိုင်ငံအရပ်ရပ်မှ မန္တလေးသင်္ကြန်ပွဲတော်သို့ လာရောက်ဆင်နွှဲပျော်ကြသည့် ရေပက်ခံကစားကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

ပါဝင်ရေကစား

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး၊ ကော်မတီဝင်များ၊ စည်ပင်သင်္ကြန် မိသားစုဝင်များသည် နံနက်ပိုင်းတွင် ကျုံးတောင်ဘက်ရှိ နန်းမြို့သူသင်္ကြန် မဏ္ဍပ်၊ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်များသို့ လှည့်လည်သွားရောက်ကာ အဆို၊ အတီး၊ အက၊ အလှများဖြင့် ဖျော်ဖြေမှုကို အားပေးကြည့်ရှုကြပြီး ချမ်းမြေ့ပျော်ရွှင်စွာ ပါဝင်ရေကစားကြသည်။

ကြည်နူးဖွယ်

မန္တလေးမြို့တွင် ရေသဘင်ပွဲ ဆင်နွှဲကြသည့် ရေပက်ခံသူများ၊ ရေပက် ကစားကြသူများသည် မွန်းလွဲပိုင်းတွင် သင်္ကြန်ရိပ်ခိုလှုံကြရာ ကျုံးမြောက်ဘက်ရှိ တိရစ္ဆာန်ဥယျာဉ်၊ မန္တလေး ကန်တော်ကြီး ဥယျာဉ်နှင့် အမရပူရ တောင်သမန်အင်း မယ်ဇယ်ပင်တန်းနှင့် ဦးပိန်တံတားတို့၌ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များနှင့် စက်ဘီးများဖြင့် လာရောက်အပန်းဖြေ အနားယူသူများ၊ ရေပက်ခံ လာရောက်ကြသည့် ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး မန္တလေးတောင်နှင့် မဟာလောကမာရဇိန် ကုသိုလ်တော် စေတီအတွင်းရှိ ခရေပင်ဝိုင်း ဓမ္မာရုံရှေ့တွင် သက်ကြီး ဘိုးဘွားများအပြင် ရုံးပိတ်ရက်ရှည် နားရက်ရရှိကြသည့် ကုသိုလ်ယူလိုသော ဝန်ထမ်းများ အပါအဝင် တရားစခန်းဝင် ယောဂီများဖြင့် ကြည်နူးဖွယ်ရာတွေ့ရှိရသည်။

ပျော်ဖြေ

ညနေပိုင်းတွင် ကျုံးပတ်လည်ရှိ မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်နှင့် ရေကစား မဏ္ဍပ်တို့တွင် မန္တလေး သင်္ကြန်မြတ်နိုးကြသည့် ရုပ်ရှင်၊ ဗီဒီယို သရုပ်ဆောင်များ၊အဆိုတော်တေးသံရှင်များက တေးဂီတတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ရေပက်ခံသူများ၊ ရေကစားကြသူများဖြင့် ကြိတ်ကြိတ်တိုး အထူးစည်ကားလျက်ရှိသည်။

အကဲဖြတ်

ထို့အပြင် ညပိုင်းတွင် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ လာရောက်ပြိုင်ပွဲ ယှဉ်ပြိုင်ကြသည့် အလှပြယာဉ်များအား အကဲဖြတ်အဖွဲ့က စိစစ်လျက်ရှိပြီးအလှပြသင်္ကြန်မဏ္ဍပ် အကဲဖြတ်အဖွဲ့ဝင်တို့ကလည်း မဏ္ဍပ်များသို့ သွားရောက်အကဲဖြတ်ပေးကြသည်။

တက်ရောက်

မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌လည်း ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင်များ၊ အဆိုတော်များနှင့် သင်္ကြန်လုပျိုဖြူများက အဆို၊ အတီး၊ အကအလှများဖြင့် ဧည့်ခံဖျော်ဖြေကြရာ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးဦးစန်းမောင်နှင့် ဧည့်သည်တော်များ၊ စည်ပင်မိသားစုဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်အားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးသင်္ကြန်

မဟာသင်္ကြန်အကြတ်နေ့က မန္တလေးမြို့ ကျုံးပတ်လည်ရှိ ရေကစားမဏ္ဍပ် အသီးသီးတွင် ရေပက်ခံသူများ၊ ရေကစားသူများ၊ သီဆိုဖျော်ဖြေသူများဖြင့် စည်ကားလျက်ရှိစဉ်။

(သတင်းစဉ်)

ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ပိတ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၆

ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်)က ကြီးမှူး၍ ဧပြီ ၁၂ရက်မှ ၁၆ရက်အထိကျင်းပခဲ့သည့် ၂၀၀၇ခုနှစ် စတုတ္ထအကြိမ် ရခိုင်ရိုးရာ သင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေ၅နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူယာဉ်မောင်းသင်ကွင်းရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

ပျို့အလှနှင့်ခါသင်္ကြန်

ရှေးဦးစွာ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းနိုင်က ပါဝင်ဆင်နွှဲကြသူများအား နှုတ်ဆက်စကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောတင့်နှင့် အတွင်းရေးမှူး ဦးဇော်အေးမောင်တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။ ထို့နောက် ဧည့်ပရိတ်သတ်များနှင့် ပွဲတော်လာရေကစားကြသူများက လေးဝတီအနုပညာအဖွဲ့နှင့် တွဲဖက်၍ **"ပျို့အလှနှင့်ခါသင်္ကြန်"** ရခိုင်ရိုးရာသင်္ကြန်တေးကို သံပြိုင်သီဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

၃၈ ဖြာ မင်္ဂလာတရားတော်

သာသနာရေး

၃၈ ဖြာမင်္ဂလာတရားတော် ပေါ်ပေါက်ခဲ့ရသည့် အကြောင်းများမှာ နတ်ပြည်၊ လူ့ရွာသတ္တဝါအပေါင်းတို့သည် နိဗ္ဗာန်တည်းဟူသော အေးငြိမ်းမှုသုခကို ရလိုကြသဖြင့် တရားဓမ္မနှင့်အညီ ကောင်းမြတ်သောအကျင့်များကို ကျင့်ကြံအားထုတ်ရန် ဆန္ဒပြင်းပြလိုလားခဲ့ကြပါသည်။ သို့သော် မင်္ဂလာရှိသည်၊ မရှိသည်ကို တရားဓမ္မဖြင့် သုံးသပ်ဆင်ခြင်နိုင်ကြခြင်း မရှိဘဲ နံနက်ချိန်ခါ ဒေါင်းဖန်ဝါနေမင်းကြီးပေါ်ထွက်ခြင်းမျိုးကို မင်္ဂလာရှိသည်ဟူ၍လည်းကောင်း၊ ရွှေဥဒေါင်းမင်း၏အသံကို ကြားရသည်ပင် မင်္ဂလာရှိသည်ဟူ၍လည်းကောင်း၊ နွားချေးပုံတွေ့သည်ကိုပင် မင်္ဂလာဟူ၍ အသီးသီး အယူအဆအမျိုးမျိုး ယုံကြည်ကြသကဲ့သို့ အိမ်ရှေ့တွင် လင်းတနားလျှင် မင်္ဂလာမရှိ၊ ကြွက်သေကောင်တွေ့လျှင် အမင်္ဂလာဟူ၍ အသီးသီးအယူအဆရှိကြပါသည်။ သို့အတွက် ထိုမင်္ဂလာဟူသောတရားကို သိရှိနိုင်ရန် လူနှင့်နတ်တို့ တစ်ဆယ့်နှစ်နှစ်တာကာလပတ်လုံး တွေးတောကြံဆ ငြင်းခုံခဲ့ကြသော်လည်း တကယ့်စစ်မှန်သော မင်္ဂလာတရားကို တွေ့ရှိခဲ့ကြခြင်း မရှိပါ။

ထိုအချိန်အခါတွင် မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ညဉ့်ဦးယံအလွန် သန်းခေါင်အခါ၌ အမျိုးအမည်အားဖြင့် ဖော်ပြထားခြင်းမရှိသော နတ်သားတစ်ပါးသည် မင်္ဂလာတရား၏ အစစ်အမှန်ကို သိရှိလိုသဖြင့် မြတ်စွာဘုရားအား လျှောက်ထားခဲ့ပါသည်။

အမျိုးအမည်အားဖြင့် မထင်ရှားသည်ဟုဆိုသော်လည်း ထိုနတ်သားသည် သိကြားမင်းနှင့်တကွ လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့၏ ကိုယ်စားလျှောက်ထားခဲ့ခြင်းဖြစ်ပါသည်။ မြတ်စွာဘုရားသခင်သည် ထိုနတ်သား၏ လျှောက်ထားမှုကို အကြောင်းပြု၍ လူနတ်ဗြဟ္မာသတ္တဝါ အားလုံးအတွက် လောကတွင် ယဉ်ကျေးသိမ်မွေ့မင်္ဂလာရှိစွာ နေထိုင်ကျင့်ကြံပြီး နိဗ္ဗာန်သို့ ရောက်သည့်တိုင်အောင် အထောက်အကူပြုနိုင်ရန်အတွက် ဤ ၃၈ ဖြာမင်္ဂလာတရားတော်ကို ဟောကြားခဲ့ပါသည်။

၃၈ ဖြာမင်္ဂလာတရားတော်ကြီးသည် လူမျိုးမရွေး၊ ဘာသာမရွေး ယုံကြည်စွာ ကျင့်ကြံအားထုတ် လိုက်နာဆောင်ရွက်သူများအား ငြိမ်းချမ်းမှုသုခကို အမှန်တကယ် ပေးစွမ်းနိုင်သော တရားတော်ကြီး

သက်ကြီး အဘွားများအား ခေါင်းလျှော်ပေးခြင်းဖြင့် ကုသိုလ်ဒါနယူကြသည်မှာ...။

ဖြစ်ပါသည်။ ၃၈ဖြာ မင်္ဂလာ တရားတော်နှင့်အညီ ကျင့်ကြံနေထိုင်ကြသည့် ကမ္ဘာတစ်ဝန်း မည်သည့်ဒေသမဆို ငြိမ်းအေးမှု သန္တိသုခကို ပေးစွမ်းနိုင်သကဲ့သို့ ထိုတရားနှင့် ဆန့်ကျင်ဖီလာကင်းကွာစွာ နေထိုင်ကြပါကလည်း ဒုက္ခ မျိုးစုံနှင့် တွေ့ကြုံရတတ်ကြပါသည်။

၃၈ဖြာ မင်္ဂလာတရားတော်ကြီးသည် လောကအကျိုးစီးပွားအတွက် ပေါ်ပေါက်လာသော မင်္ဂလာတရားတော်ကြီးပင် ဖြစ်ပါသည်။

၃၈ဖြာ မင်္ဂလာတရားတော်တွင်လည်း ပထမဦးဆုံး အရေးကြီးသည့် မင်္ဂလာတရားတော်မှာ သူမိုက်နှင့်အတူတကွ နေထိုင်ပေါင်းသင်းဆက်ဆံခြင်းကို ရှောင်ကြဉ်ကြရန် အဓိကထား ဟောကြားခဲ့ပါသည်။

အသေဝနာစ ဗာလာနံ

သူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ရခြင်းသည်လည်း မင်္ဂလာတစ်ပါးမည်၏။

သူမိုက်ဆိုသည်မှာ–

– ကုသိုလ်၊ အကုသိုလ် အကောင်းအဆိုးကို ခွဲခြားမသိသူ၊

– အယုတ်တရား၊ အမြတ်တရားတို့ကိုလည်း ခွဲခြားမသိတတ်သူ၊

– အပြစ်ရှိ၊ အပြစ်မဲ့ဖြစ်ကုန်သော တရားတို့ကိုလည်း ခွဲခြားမသိတတ်သူ၊

– မည်းညစ်သော၊ ဖြူစင်သောတရားတို့ကိုလည်း ခွဲခြားမသိတတ်သူ၊

ထိုသို့ သဘောရှိကုန်သောသူတို့သည် သူမိုက်မည်ကုန်၏။

ကုသိုလ်ဒါနပြု

သက်ကြီး အဘိုးအဘွားများအား ခေါင်းလျှော်၊ လက်သည်းခြေသည်း ညှပ်ပေးခြင်းဖြင့် ဤသို့ ကုသိုလ်ဒါနပြုကြလေ့ရှိသည်။

ဗာလပဏ္ဍိတသုတ္တန်လာ ဗာလလက္ခဏာ သုံးမျိုးမှာ–

(၁) ကောင်းဆိုးနှစ်ပါး မသိငြား မှတ်သားသူမိုက်သာ

(၂) ဒုစ္စတိတ(ဒုစရိုက်တရား)ကျင့်ကြံက မှတ်ကြသူမိုက်သာ

(၃) ကြံ၊ပြော၊လုပ်မှု၍သုံးခုများ မကောင်းငြား မှတ်သားသူမိုက်သာ။

ဓမ္မအမြင်ဖြင့် တွေ့မြင်နိုင်သော သူမိုက်လက္ခဏာများရှိသကဲ့သို့ မျက်မှောက်လောက အမြင်ဖြင့် တွေ့ရှိရသော သူမိုက်လက္ခဏာများလည်း ရှိပါသည်။ ယင်းတို့မှာ–

– မရသေးသော စည်းစိမ်ဥစ္စာများကို ရရှိအောင်ကြိုးစားအားထုတ်မှု မရှိခြင်း၊

– ရရှိပြီးသား စည်းစိမ်ဥစ္စာ ရာထူးများကို ခိုင်မြဲတည်တံ့တိုးပွားအောင် ထိန်းသိမ်းနိုင်မှုမရှိခြင်း၊

– စည်းစိမ်ဥစ္စာ ရာထူးရာခံများကိုလည်း မြတ်သော သမ္မာအာဇီဝနည်းဖြင့်သာ ရရှိအောင် ကြိုးစားအားထုတ်ခြင်းမဟုတ်ဘဲ မကောင်းသော ဖြတ်လမ်းနည်းဖြင့် ကြိုးစားအားထုတ်ခြင်း

စသော ထိုသူမျိုးများမှာလည်း အသက်ရှုနေရ၍ အသက်ရှိနေသော်လည်း လူဗာလစာရင်းဝင်များသာ ဖြစ်ကြပါသည်။

ရှေးနိပါတ်တော်များတွင် သူမိုက်နှင့်ပေါင်း၍ သူတော်ကောင်းစကား မထွက်ကြားနိုင်သည့် သာဓကတစ်ခုရှိခဲ့ပါသည်။ သိုက်မြို့တစ်ခုတည်းတွင် မွေးဖွားခဲ့သည့် ကျေးသားညီနောင်ဝတ္ထုတွင် လေမုန်တိုင်းဒဏ်ကြောင့် တကွဲတပြားဖြစ်သွားကြရာမှ သူမိုက်တို့ထံတွင်ရောက်သွားသော ကျေးသားသည် တောကစားရာမှ မျက်စိလည်လမ်းမှား၍ သူမိုက်စခန်း အနီးသို့ ရောက်လာသော ဘုရင်ကြီးအား ကျေးသားငယ်က "ခုတ်ပါလား၊ ထိုးပါလား၊ သတ်ပါလား"ဟူသောစကားဖြင့် ယုတ်ရင်းကြမ်းတမ်းစွာ ပြောခဲ့သည်။ သူမိုက်နှင့်ပေါင်းသင်းမိသည့် ကျေးသားသည်ပင်လျှင် ယုတ်ကြမ်းသောစကားကို ဆိုတတ်ခဲ့လေသည်။

ပြည့်ရှင်မင်း၏ လွန်စွာမှပင် ယဉ်ကျေးသိမ်မွေ့သော မင်္ဂလာဆင်တော်ကြီးသည်ပင်လျှင် ဆင်တင်းကုပ်အနီးတွင် လာရောက်ဆွေးနွေးကြသည့် လူဆိုး၊ ဓားပြတို့၏ဆိုစကားများကို ကြိမ်ဖန်များစွာ ကြားရသည့်အခါတွင် လူဆိုးဓားပြစိတ် သက်ဝင်လာပြီး လွန်စွာမှပင် ရိုင်းစိုင်းသော ဆင်ဆိုးကြီးအဖြစ် ကူးပြောင်းသွားခဲ့ပါသည်။

အဇာတသတ်မင်းသားငယ်သည်လည်း သူမိုက်ဖြစ်သည့် ဒေဝဒတ်ဆရာအား ဆည်းကပ်ပေါင်းသင်းမိခဲ့သည့်အတွက် မိမိအား အသက်ပေး၍ ချစ်မြတ်နိုးသွားခဲ့သူ ဖခင်အရင်း ဗိမ္ဗိသာရမင်းကြီးအား ရက်စက်စွာ ညှဉ်းဆဲသတ်ဖြတ်သည်အထိ မိုက်မဲခဲ့ရသည်။

ဤဇာတ်တော်လာ ဝတ္ထုသာဓကများအရ သူမိုက်သည် မည်မျှကြောက်စရာကောင်းကြောင်း သိသာထင်ရှားလှပေသည်။

ဤမျက်မှောက်ကာလတွင်လည်း သူမိုက်နှင့်တစ်ဦးချင်း ပေါင်းသင်းသူသည်လည်း ဒုက္ခရောက်ရ၏။

မိသားစုတစ်ခုအတွင်း သူမိုက်တစ်ယောက် ပါလာလျှင်လည်း ထိုမိသားစု စိုးရိမ်သောက၊ ဆင်းရဲဒုက္ခရောက်ကြရ၏။

အလားတူ ရပ်ကွက်၊ ကျေးရွာ၊ မြို့ပြ၊ နိုင်ငံ၊ ကမ္ဘာ မည်သည့်နေရာမဆို သူမိုက်တို့ ကြီးစိုးလာလျှင် ဒုက္ခရောက်ကြရသည်ချည်းဖြစ်သည်။

ဤလောက၌ ဘေးဒုက္ခဟူသမျှသည် သူမိုက်ကိုသာအကြောင်းပြု၍ ဖြစ်ပေါ်လာကြကုန်၏။

ထို့ကြောင့် တရားတော်တွင်လည်း သူမိုက်သည် မီးခဲနှင့် သဏ္ဌာန်တူကြောင်း ဟောကြားခဲ့ပါသည်။

မီးရှိနေတုန်း အသွင်ရဲရဲမီးခဲကို ကိုင်မိပါကလည်း ပူလောင်တတ်သည်။

မီးငြိမ်းသွားပြီး မီးမရှိသည့် မီးသွေးခဲကို ကိုင်မိတော့လည်း ကိုင်သူအား မည်းညစ်ကျန်ခဲ့သည်။

သို့အတွက် သူမိုက်ကိုမူ အရှိန်အာဏာတန်ခိုးကြီးထွားစဉ် ပေါင်းသင်းပါကလည်း ထိုလူမိုက်ကို အကြောင်းပြု၍ ပေါင်းသင်းသူလည်း အမုန်းခံရတတ်သည်။

အရှိန်အဝါ ကျဆင်းသွားသည့်သူမိုက်ကို ပေါင်းသင်းသူသည်လည်း ပေါင်းသင်းသူ၏ဘဝပါ မှေးမှိန်ညစ်ထေးသွားရတတ်သည်။

တန်ဖိုးမဲ့သော သူမိုက်တစ်ယောက်ကြောင့် တန်ဖိုးကြီးသော လူကြီးလူကောင်းအများအပြား ဆုံးရှုံးခဲ့ရသည်ကိုလည်း သတိပြုသင့်ပါသည်။

ပမာအားဖြင့် သူမိုက်သည် အိမ်ကြီး၊ အိမ်ကောင်း၊ တိုက်တာကြီးများကြားမှ အိမ်သေး၊ အိမ်စုတ်ကလေးများသဖွယ်ရှိနေသဖြင့် ထိုသို့ အိမ်သေး အိမ်ငယ်များ မီးလောင်ရာမှ တိုက်တာအိမ်ကြီးများ ဆုံးရှုံးခဲ့ရသည်လည်း ရှိသည်။

သူမိုက်နှင့်ပတ်သက်၍ အခြားဥပမာပြ ဟောကြားသောတရားတစ်ပုဒ်မှာ သူမိုက်သည် ငါးပုပ်နှင့်အသွင်တူသည်။ ငါးပုပ်ကို ထုတ်ယူလာသောဖက်တို့သည် ငါးပုပ်မှ ကင်းကွာသွားသော်လည်း အပုပ်နံ့သည် ဖက်တွင်စွဲကျန်ရစ်သကဲ့သို့ သူမိုက်နှင့် ပေါင်းသင်းမိသူသည်လည်း အကြောင်းအမျိုးမျိုးကြောင့် သူမိုက်နှင့် ကွဲကွာသွားခဲ့သော်လည်း သူမိုက်၏ မကောင်းသော အနံ့အသက်များသည် ပေါင်းသင်းသူတွင် စွဲကျန်ရစ်ခဲ့မည်သာတည်း။

ဤမျှဆိုလျှင် **"အသေဝနာစ ဗာလာနံ"** လူမိုက်ကို ရှောင်ကြဉ်မပေါင်းသင်းရန် ဆိုသော မင်္ဂလာတရားသည် မည်မျှအရေးကြီးကြောင်း ထင်ရှားလှပါပေသည်။ ။

သူမိုက်သည် ငါးပုပ်နှင့်အသွင်တူသည်။ ငါးပုပ်ကို ထုတ်ယူလာသောဖက်တို့သည် ငါးပုပ်မှ ကင်းကွာသွားသော်လည်း အပုပ်နံ့သည်ဖက်တွင် စွဲကျန်ရစ်သကဲ့သို့ သူမိုက်နှင့် ပေါင်းသင်းမိသူသည်လည်း အကြောင်းအမျိုးမျိုးကြောင့် သူမိုက်နှင့် ကွဲကွာသွားခဲ့သော်လည်း သူမိုက်၏ မကောင်းသော အနံ့အသက်များသည် ပေါင်းသင်းသူတွင် စွဲကျန်ရစ်ခဲ့မည်သာတည်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအတွက် ဆေးပဒေသာပင် အလှူငွေများကို ဆေးရုံအုပ်ကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❐ ရှေ့ဖုံးမှ

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၏ လူနာစောင့်ရှောက်မှုအခြေအနေ၊ ရောဂါကုသနိုင်မှု အခြေအနေတို့ကိုမေးမြန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်စောဝင်းက ဆေးရုံကြီး၌ကုသပေးလျက်ရှိသည့် ပြင်ပလူနာနှင့် အတွင်းလူနာများ အခြေအနေ၊ အဖြစ်များသည့်ရောဂါများနှင့် ကုသစောင့်ရှောက်ပေးနိုင်မှု၊ ဆေးရုံအဆောက်အအုံများ တိုးချဲ့တည်ဆောက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အထွေထွေရောဂါအထူးကု၊ သားဖွားမီးယပ်အထူးကု၊ နှလုံးရောဂါအထူးကု၊ မျက်စိအထူးကု၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီးများက ရောဂါဖြစ်ပွားမှုများ၊ ဆေးရုံကြီးရှိ လက်ရှိ ခေတ်မီဆေးကုသရေးဆိုင်ရာ ပစ္စည်းများနှင့် ထပ်မံဖြည့်ဆည်းပေးရန် လိုအပ်သည်များကိုရှင်းလင်းတင်ပြကြပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးတို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဆေးရုံကြီးမှ ဝန်ထမ်းများ အတွက် ဝန်ထမ်းအိမ်ရာအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေးမည်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မှာကြားရာတွင် ခုတင်(၃၀၀)ဆံ့ ဆေးရုံကြီးနှင့် လိုက်လျောညီညွတ်စွာ လိုအပ်သည့် ကုသရေးဆိုင်ရာ ခေတ်မီပစ္စည်းကိရိယာများကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း။

တက်လှမ်းလာ

ပြင်ဦးလွင်မြို့သည် တောင်စခန်းမြို့ဖြစ်သည့်အားလျော်စွာ ပြည်သူများ စိတ်လက်ကြည်နူးအေးချမ်းစွာ အနားယူအပန်းဖြေနိုင်ရန် လိုအပ်သည်များ ပြည့်စုံလာအောင် မိမိတို့ တစ်ဆင့်ပြီးတစ်ဆင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ နိုင်ငံတော်၏ တောင်ပေါ်အပန်းဖြေစခန်းမြို့အဖြစ် တက်လှမ်းလာလျက်ရှိကြောင်း။

အဆင့်မြှင့်ပေး

ကျန်းမာရေးကုသစောင့်ရှောက်မှုအပိုင်းအရ ပြင်ဦးလွင် တောင်ပေါ်အပန်းဖြေစခန်း၌ လာရောက်အပန်းဖြေရင်း ဆေးကုသမှုခံယူလိုသူများ အနေဖြင့် ဆေးကုသမှုခံနိုင်အောင်လည်း ဤဆေးရုံကို ခေတ်မီဆေးရုံကြီး အဖြစ် အဆင့်မြှင့်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

ထို့ကြောင့် သာမန်အပန်းဖြေစခန်းမြို့အဖြစ်သာမက အေးချမ်းစွာ အနားယူဆေးကုသမှုခံယူနိုင်သည့် မြို့ဖြစ်လာအောင် ဝိုင်းဝန်းကြိုးပမ်းကြရန်ဖြစ်ကြောင်း။

စီမံပေးလျက်ရှိ

နိုင်ငံတော်၏လူမှုရေးအပိုင်း၌ ပညာရေး၊ ကျန်းမာရေးနှင့်ယဉ်ကျေးမှု ကဏ္ဍတို့သည် အဓိကအရေးပါကြောင်း၊ ပညာရေးကဏ္ဍအပိုင်းတွင် နှစ်တို၊ နှစ်ရှည်စီမံကိန်းများချမှတ်၍ ပညာရေးကဏ္ဍ အဆင့်မြင့်မားလာအောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

အားပေးဆောင်ရွက်

ပညာရေးကဏ္ဍနည်းတူ ယဉ်ကျေးမှုကဏ္ဍအပိုင်းကိုလည်း မိမိတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့၏ကိုယ်ပိုင်ယဉ်ကျေးမှု ပျောက်ကွယ်ပါက လူမျိုးပါ ပျောက်ကွယ်သွားနိုင်သဖြင့် မိမိတို့၏ ရိုးရာဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် စောင့်ရှောက်ထိန်းသိမ်း တတ်အောင်လည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ထို့အတူ ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာရေး အတွက် စီမံကိန်းများချမှတ်၍ အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ပြင်ဦးလွင်ဆေးရုံသည်လည်း ချမှတ်ထားသော ကျန်းမာရေး အဆင့်အတန်းမြင့်မားရေးစီမံကိန်း၌ ပါဝင်သည့် ဆေးရုံစီမံကိန်းတစ်ခု ဖြစ်ကြောင်း။

စီမံဆောင်ရွက်

ဆေးရုံများ အဆင့်အတန်းမြင့်မားလာစေရန်မှာ ခေတ်မီကုသရေး ပစ္စည်းများ ပြည့်စုံရန် လိုအပ်သကဲ့သို့ ယင်းခေတ်မီပစ္စည်းများကို ကျွမ်းကျင်စွာအသုံးချသွားမည့် ပညာရှင် လူ့အရင်းအမြစ်များလည်း လိုအပ်ကြောင်း၊ နိုင်ငံတော်အပိုင်းက ကုသရေးဆိုင်ရာ ခေတ်မီပစ္စည်း ကိရိယာများကို ဖြည့်ဆည်းပေးသွားမှာဖြစ်သကဲ့သို့ ယင်းပစ္စည်းများကို ကျွမ်းကျင်နိုင်နင်းစွာ ကိုင်တွယ်အသုံးပြုနိုင်သည့် ပညာရှင် လူ့အရင်း အမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဝန်ကြီးဌာနက စီမံဆောင်ရွက် သွားရမှာဖြစ်ကြောင်း။

တာဝန်ကျေပွန်ရန်လို

နိုင်ငံတော်အပိုင်းက တာဝန်ကျေသကဲ့သို့ သက်ဆိုင်ရာဌာနများနှင့် ဝန်ထမ်းများကလည်း မိမိလုပ်ငန်း၊ မိမိတာဝန်များကို ကျေပွန်ရန်လိုကြောင်း။

အားထုတ်ကြိုးပမ်း

ပြင်ဦးလွင်ဆေးရုံကို ပြည်သူများအားကိုးအားထားရသည့် ဆေးရုံကြီး တစ်ခုဖြစ်လာရန် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းအားထုတ် ကြိုးပမ်း သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

နှုတ်ဆက်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဆေးရုံကြီးအတွက် ဆေးပဒေသာပင်အလှူငွေများကို ဆေးရုံအုပ်ကြီးအား ပေးအပ်ပြီး အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန် ဆရာမများအား နှုတ်ဆက်သည်။

(သတင်းစဉ်)

နိုင်ငံတော်၏ လူမှုရေးအပိုင်း၌ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုကဏ္ဍတို့သည် အဓိကအရေးပါ၊ ပညာရေးကဏ္ဍအပိုင်းတွင် နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ချမှတ်၍ ပညာရေးကဏ္ဍအဆင့်မြင့်မားလာအောင် စီမံဆောင်ရွက်ပေးလျက်ရှိ။

ပညာရေးကဏ္ဍနည်းတူ ယဉ်ကျေးမှုကဏ္ဍအပိုင်းကိုလည်း မိမိတို့ဆောင်ရွက်ပေးလျက်ရှိ၊ မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုပျောက်ကွယ်ပါက လူမျိုးပါ ပျောက်ကွယ်သွားနိုင်သဖြင့် မိမိတို့၏ ရိုးရာဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် စောင့်ရှောက်ထိန်းသိမ်းတတ်အောင်လည်း အားပေးဆောင်ရွက်လျက်ရှိ။

● *ကျောဖုံးမှ*

မန္တလေး မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့်ဇနီး၊ မန္တလေးမြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ်၊ အိန္ဒိယ သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ မန္တလေးတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခါသကြန် ယိမ်းအဖွဲ့များ၊ တပ်မတော်သားများနှင့် မိသားစုများ၊ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ အပါအဝင် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အကများဖြင့်ဖျော်ဖြေ

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် နန်းမြို့သူ မဟာသကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၂၆)လမ်း မင်္ဂလာတံတားအနီးရှိ အဆိုပါ မဟာသကြန်မဏ္ဍပ်၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဖဲကြိုးဖြတ်၍ နန်းမြို့သူ မဟာသကြန်မဏ္ဍပ်ကို ဖွင့်လှစ်ပေးသည်။

ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီးနောက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ယိမ်းအဖွဲ့များ၊ တပ်ရင်းတပ်ဖွဲ့များမှ ယိမ်းအဖွဲ့များနှင့် အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲတို့မှ အနုပညာရှင်များက ခါသကြန် အဆိုအကများဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ ရုပ်ရှင်အနုပညာရှင်များ၊ ဂီတအနုပညာရှင်များက SHELLS တေးဂီတအဖွဲ့နှင့် တွဲဖက်၍ အဆိုအကများဖြင့် ဖျော်ဖြေကြပြီး နန်းမြို့သူ မဟာသကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်အားပေး

ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် နန်းမြို့သူမဟာသကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားအပြီးတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မျက်နှာစာရှိ မန္တလေးမြို့တော်ဝန် မဟာသကြန်မဏ္ဍပ်သို့ သွားရောက်ကြပြီး ၁၃၆၈ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြန်ပွဲတော်ဖွင့်ပွဲနှင့် မြို့တော်ဝန် မဟာသကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ အနုပညာဦးစီးဌာန မန္တလေးကဇာတ်ဌာနခွဲ မင်္ဂလာစည်တော်ကြီးအဖွဲ့က ၁၃၆၈ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြန်ပွဲတော်ကို ဂုဏ်ပြုသောအားဖြင့် အောင်စည်တော်ရွမ်းသည်။

ထို့နောက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မန္တလေး မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်က ကောင်းခြင်းမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံသည့် မြန်မာနှစ်သစ်ကူးအခါသမယတွင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်း တောင်းကြောင်းဖြင့် နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မန္တလေးမြို့တော်ဝန် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြန်ပွဲတော်နှင့် မြို့တော်ဝန် မဟာသကြန်မဏ္ဍပ်တို့ကို တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အတာရေပက်ဖျန်း

ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီးနောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၏ဇနီး ဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ဇနီး ဒေါ်မိုးသီတာတို့က ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များအား အတာရေပက်ဖျန်းကြသည်။

ထို့နောက် မန်းစည်ပင်မှ ယိမ်းအဖွဲ့ဝင်များ၊ မန္တလေးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသူလေးများ၏ ယိမ်းအဖွဲ့များက မန်းစည်ပင် ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ ခါသကြန် အဆိုအကများဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် သကြန်အလှပြယာဉ်များဖြင့် မန္တလေးမြို့တော်ဝန် မဟာသကြန်မဏ္ဍပ်ရှေ့မှ ဂါရဝပြုဖြတ်သန်းကြရာ ရှေးဦးစွာ မန္တလေးမြို့ ဂုဏ်ဆောင် မြို့မ ငွေငန်းအလှပြယာဉ်က ဖြတ်သန်းဂါရဝပြုသည်။

ဆက်လက်၍ မန္တလေးခရိုင် ကိုယ်စားပြု မြနန်းမန္တလာအလှပြယာဉ်၊ ညောင်ဦးခရိုင် ကိုယ်စားပြု ပုဂံရွှေပြည်အလှပြယာဉ်၊ မိတ္ထီလာခရိုင် ကိုယ်စားပြု ထီလာမေ အလှပြယာဉ်၊ ပြင်ဦးလွင်ခရိုင် ကိုယ်စားပြု ပန်းမြို့သူအလှပြယာဉ်၊ ကျောက်ဆည်ခရိုင် ကိုယ်စားပြု ရွှေဆည်သူဇာအလှပြယာဉ်၊ ရမည်းသင်းခရိုင် ကိုယ်စားပြု ရွှေသင်းမောင်အလှပြယာဉ်၊ မြင်းခြံခရိုင်ကိုယ်စားပြု ရွှေနွှန်းမေ အလှပြယာဉ်တို့က မြို့တော်ဝန်မဏ္ဍပ်ကို ဖြတ်သန်းဂါရဝပြုကြပြီး ခါသကြန် အဆိုအကများဖြင့် ဖျော်ဖြေကြသည်။

ဖျော်ဖြေ

ထို့နောက် သဘင်၊ရုပ်ရှင်၊ ဂီတ၊ အနုပညာရှင်များက တေးသီချင်းများ၊ အဆို အကများဖြင့် ဖျော်ဖြေကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အတာရေပက်ဖျန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်အား တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်းက အတာရေပက်ဖျန်းစဉ်။ (သတင်းစဉ်)

နန်းမြို့သူ မဟာသကြန် မဏ္ဍပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် ၁၃၆၈ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြန်ပွဲတော် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် နန်းမြို့သူ မဟာသကြန် မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို တက်ရောက် အားပေးချီးမြှင့်စဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့
၁၇-၄-၂၀၀၇ရက်(အင်္ဂါနေ့)
နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	နှစ်သစ်မင်္ဂလာတရားတော်
၈း၀၅	၅။	သံသာချိုအေး မင်္ဂလာတေး
၈း၂၀	၆။	ခါသကြန်အဆိုအကများ
၈း၃၀	၇။	International News
၈း၄၅	၈။	ဘဒ္ဒန္တကုမာရ(အဘိဓဇ မဟာရဋ္ဌဂုရု)အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဥက္ကဋ္ဌဆရာတော် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ မဟာဝိသုတာရာမတိုက်သစ် မကွေးမြို့ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၉း၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	သံဃာအပါး၅၀၀၀က ချီးမြှင့်သော ပရိတ်တရားတော်
၁၆း၁၅	၂။	ဓမ္မပူဇာတေး
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) [အင်္ဂလိပ်စာ]
၁၆း၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၆း၅၅	၅။	**"တန်ဖိုး"** ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း (ဒါရိုက်တာ-သက်တင်)
၁၇း၀၀	၆။	မြန်မာမှုပန်းဆယ်မျိုး(ပန်းပု)
၁၇း၁၀	၇။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀	၈။	ညနေခင်းသတင်း
၁၈း၃၀	၉။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၀။	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၁၈း၅၀	၁၁။	မှုဟန်သွယ်သွယ် ဆိုကြမယ်
၁၉း၁၀	၁၂။	ရှုဖွယ်စုံညီ မြန်မာပြည် (အပိုင်း-၅)
၁၉း၂၅	၁၃။	ရွှေတောင်မြို့ ကျီးသဲလေးထပ်ဆရာတော်ကြီး၏ ပကိဏ္ဏကနမက္ကာရအစိန္တေယျ ဘုရားရှိခိုးကြီး (ဒါရိုက်တာ-ဦးသုခ၊မောင်နှင်းမိုး)
၂၀း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	ဇေယျတုသဗ္ဗမင်္ဂလံ (ဆရာကြီး-ဦးသုခ)
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၇

၂၀၀၇ခုနှစ် ဧပြီ ၁၇ရက်တွင် ကျရောက်သော ဆီးရီးယား အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဆီးရီးယားအာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖာရော့(ခ်) အယ်(လ်) ရှာရားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲများကျင်းပ

ရန်ကုန် ဧပြီ ၁၆

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၇၇)တွင် ဧပြီ ၁ရက်မှ ၇ရက်အထိ (၁၀၉)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းပွဲ ဖွင့်လှစ်ခဲ့ရာ ယောဂီ ၁၃၀၀ တရားစခန်းဝင်ရောက်ကြပြီး (၁၁၀)ကြိမ်မြောက် ၁၀ရက်တရားစခန်းပွဲကို ဧပြီ ၁၃ရက်မှ ၂၂ရက်အထိ ဖွင့်လှစ်ခဲ့ရာ ယောဂီ ၂၂၅၀ တရားစခန်းဝင်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားများတွင် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ရွာမပရိယတ္တိစာသင်တိုက် မဟာပဓာနနာယက ဆရာတော် ဘဒ္ဒန္တနန္ဒဝံသမဟာထေရ်က ဩဝါဒကထာ မြွက်ကြားဖွင့်လှစ်ပေးပြီး အောင်ဆန်းမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ(၇၇)ပဓာနနာယက ပြည်တွင်းပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အရှင်သူမြတ်က ပဋိစ္စသမုပ္ပါဒ်သစ္စာတရားတော်များကို ဟောကြားပြသတော်မူကြောင်း သိရသည်။ **(က-ပ)**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နန်းမြို့သူမဟာသကြန်မဏ္ဍပ်တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ယိမ်းအဖွဲ့များ၊ တပ်ရင်းတပ်ဖွဲ့များမှ ယိမ်းအဖွဲ့များနှင့် အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲတို့မှ အနုပညာရှင်များက ခါသကြန်အဆိုအကများဖြင့် ဖျော်ဖြေကြစဉ်။ (သတင်းစဉ်)

မဟာ သကြန် အတက် နေ့ က အနော်ရထာ လမ်း (၁၆ လမ်းထိပ်) ရှိ ဂရိတ်ဝေါတိုင်းရင်း ဆေးဝါးထုတ်လုပ်ရေးနှင့် ဆောက်လုပ်ရေး ကုမ္ပဏီ ရေကစား မဏ္ဍပ်တွင် ဤသို့ပျော်ရွှင်စွာ ရေပက်ကစား ခဲ့ကြသည်။
(မြန်မာ့အလင်း)

ဂုဏဝိသိဋ္ဌပူဇာသဘင် ကျင်းပမည်

ရန်ကုန် ဧပြီ ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းခြင်း ခံရတော်မူသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ခရမ်းမြို့ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်မှ ဘဒ္ဒန္တဇောတိက အရှင်သူမြတ်အား ဂုဏဝိသိဋ္ဌပူဇာသဘင်ကို ၁၃၆၉ခုနှစ် ကဆုန်လပြည့်ကျော်၆ရက်(မေ ၆ရက်) တနင်္ဂနွေနေ့တွင် ယင်းကျောင်းတိုက်၌ ဆင်ယင်ကျင်းပမည်ဖြစ်ရာ ပူဇာသဘင် ကျင်းပရေးကော်မတီက ရပ်ဝေးရပ်နီးနေ တပည့် ရဟန်းတော်များနှင့် ဒါယကာ ဒါယိကာမအပေါင်းတို့အား လာရောက်၍ အတူတကွပူဇော်ကြရန် ပင့်လျှောက် ဖိတ်ကြားထားကြောင်းသိရသည်။ **(သတင်းစဉ်)**

အဘိဓမ္မာ၊ ဋီကာကျော်နှင့် ဝိသုဒ္ဓိမဂ်သင်တန်း

ရန်ကုန် ဧပြီ ၁၆

ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ၏ ဩဝါဒဖြင့် အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ် ပုံမှန်သင်တန်းများကို ဧပြီ ၂၁ရက် (စနေနေ့)မှစ၍ (စနေ၊ တနင်္ဂနွေ)နေ့တိုင်း မွန်းလွဲ ၁နာရီတွင် ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

သီတဂူဆရာတော်၏ မိဘရိပ်ဓမ္မသဘင် ကျင်းပမည်

ရန်ကုန် ဧပြီ ၁၆

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt) (Ph.D)သည် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၀)ရပ်ကွက် လှော်ကားလမ်း အမှတ်(၁)ရှိ သီရိသုဓမ္မဏိဇောတရေ ချမ်းမြေ့သီတဂူ ဦးနိုင်ဦး(မိဘရိပ်)– သီရိသုဓမ္မသီဂီ သီတဂူဒေါ်အေးသိန်း၊ သားများဖြစ်ကြသော မောင်ထက်နေဦး၊ မောင်ညွန့်ဝင်းနိုင်၊ မောင်ထက်နိုင်ဝင်း(ခ)ခွန်ရွှေမြင့် မိဘရိပ်ကုမ္ပဏီလီမိတက်၊ မိဘရိပ်သစ်စက်မိသားစုတို့၏ အလှူမင်္ဂလာမဏ္ဍပ်ရှေ့၌ (၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၄ ရက်) ဧပြီ ၁၉ ရက် (ကြာသပတေးနေ့) ည ၇ နာရီတွင် သီတဂူဓမ္မသဘင် အထူးတရားပွဲ ကျင်းပမည်ဖြစ်သည်။ ၎င်းတရားပွဲတွင် သီတဂူဆရာတော်၏ အပြည်ပြည်ဆိုင်ရာ သီတဂူသာသနာ့ဗိမာန်အဆောက်အအုံအတွက် လှူဒါန်းလိုသူများသည် မိဘရိပ်သီတဂူ ဓမ္မသဘင် ကျင်းပရေးလုပ်ငန်းကော်မတီရုံး ဖုန်း–၀၁–၅၉၀၅၉၀နှင့် ၀၁–၅၉၁၄၄၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မော်လမြိုင်မြို့ မဟာမြတ်မုနိဘုရား စိန်ဖူးတော်တင်လှူပူဇော်မည်

ရန်ကုန် ဧပြီ ၁၆

မွန်ပြည်နယ် မော်လမြိုင်မြို့၏ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီး ပြာသာဒ်တော်၏ ထီးတော် ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်းနှင့် စိန်ဖူးတော် (ဝဲပုံ)၊ **၄က်မြတ်နားတော် တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ဧပြီ ၃၀ ရက်** (ကဆုန်လပြည့်နေ့) **နံနက် ၇ နာရီတွင် မဟာမြတ်မုနိဘုရားရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။**

တင်လှူပူဇော်မည်ဖြစ်သော ထီးတော်၊ စိန်ဖူးတော်နှင့် ၄က်မြတ်နားတော်တို့အား မော်တော်ယာဉ်များဖြင့် ပင့်ဆောင်၍ ဧပြီ ၂၁ ရက်မှ ၂၃ ရက်အထိ ကိုးညတိုင်တိုင် မော်လမြိုင်မြို့ပေါ်ရပ်ကွက် အသီးသီးသို့ လှည့်လည် အပူဇော်ခံမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ပူဇော်ပွဲတွင် ပါဝင်လှူဒါန်းလိုသူများသည် ပူဇော်ပွဲ ကျင်းပရေးကော်မတီ၊ မဟာမြတ်မုနိဘုရားကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဖုန်း–၀၅၇–၂၁၄၃၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိမင်္ဂလာဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် မေတ္တာညွန့်ရပ်ကွက် စက်မှုလက်မှု (၂)လမ်းနေ ဒေါ်စိန်စိန် မိသားစုက အလှူငွေကျပ် သုံးသိန်းကို ဆရာတော်ရှေ့မှောက်၌ လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဦးထွန်းကြည် လက်ခံယူစဉ်။

(၁၁၅)

သီတဂူအာယုဒါန ဆေးအလှူတော် အထူးဓမ္မပူဇာသဘင်

ရန်ကုန် ဧပြီ ၁၆

ရန်ကုန်မြို့ တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် စိတ္တသုခလမ်း မိသားစု အင်္ဂါပတ် ဆွမ်းလောင်းအသင်း ဆွမ်းအောင်ပွဲ (၄)နှစ်ပြည့်အထိမ်းအမှတ် စတုတ္ထအကြိမ်မြောက် ဓမ္မပူဇာသဘင်ကျင်းပမည်ဖြစ်ရာ ဧပြီ၂၂ရက် (တနင်္ဂနွေနေ့)တွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ Dr. အရှင်ဉာဏိဿရ (Ph.D) (D.Litt)က သီတဂူ အာယုဒါနဆေးအလှူတော် အထူးတရားပွဲအဖြစ် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ည ၇ နာရီတွင် ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

NLD ပါတီအပေါ် အယုံအကြည်မရှိ ပါတီလုပ်ငန်းများကို စိတ်ဝင်စားမှုမရှိ စစ်ကိုင်းမြို့နယ်မှ ပါတီဝင် ၂၄ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဧပြီ ၁၆

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော မင်းကွန်းကျေးရွာအုပ်စု မြို့နယ်စည်းရုံးရေးမှူး ဦးအုန်းသင်၊ ရပ်/ကျေး စည်းရုံးရေးမှူး ဦးကျော်ကျော်ဦး၊ ဦးသန်းဌေး၊ ရပ်/ကျေး ဥက္ကဋ္ဌ ဦးညိုစိမ့်၊ ဦးကောက်၊ ဦးဝင်း၊ ဦးစိုးတင့်၊ ဒေါ်သန်းရနှင့် ဦးကျော်သန်းတို့ အပါအဝင် ပါတီဝင် ၂၄ ဦးတို့သည် မတ် ၂၃ ရက်တွင် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

နုတ်ထွက်

စစ်ကိုင်းမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် ၎င်းတို့အနေဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့်ကာလတစ်လျှောက်လုံးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟို)၏ တိကျပြတ်သားသော နိုင်ငံရေးလမ်းစဉ်ကို မမြင်မတွေ့ရခြင်း၊ ခေါင်းဆောင်များ စိတ်ဝမ်းကွဲပြားနေခြင်း၊ ဒေသဖွံ့ဖြိုးရေးကို ပါဝင်ကူညီပံ့ပိုးမှုမရှိခြင်း၊ ပါတီခေါင်းဆောင်များ အာဏာမက်မောပြီး အာဏာရရှိရေးကိုသာ အဓိကထား၍ ကိုယ်ကျိုးအတ္တကြီးမားစွာ ဆောင်ရွက်နေခြင်း၊ နိုင်ငံရေးနှင့်ပတ်သက်၍ အရည်အချင်းနည်းပါးခြင်း၊ နိုင်ငံရေး အချောင်လိုက်နေခြင်းတို့ကြောင့် ပါတီတာဝန်များကို ဆက်လက်ဆောင်ရွက်လိုစိတ်မရှိသဖြင့် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

၁၃၆၈ ခုနှစ် ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန် ရေသဘင်မဏ္ဍပ် ပိတ်ပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၆

၁၃၆၈ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ပိတ်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် မြို့တော်ခန်းမရှေ့၌ ကျင်းပရာ ၁၃၆၈ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်ပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း တက်ရောက်ပြီး ရန်ကုန်မြို့တော် ရေသဘင်မဏ္ဍပ်ကို ပိတ်သိမ်းပေးသည်။

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ပိတ်ပွဲအခမ်းအနားသို့ ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်ပွဲတော် ကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ ဌာနမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရခိုင်ရိုးရာယဉ်ကျေးမှုကော်မတီဝင်များ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများနှင့် ယိမ်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အောင်မြင်စွာပိတ်သိမ်း

အခမ်းအနားတွင် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းက ညနေ ၅ နာရီတွင် ၁၃၆၈ ခုနှစ် ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာ ပြီးဆုံးကြောင်းနှင့် ရေသဘင်မဏ္ဍပ် ပိတ်သိမ်းကြောင်း ကြေညာပြီးသည်နှင့် တစ်ပြိုင်နက် ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များ၊ ယိမ်းအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများ အတာသင်္ကြန်ကို ချစ်မြတ်နိုးကြသော အတာသဘင်ပွဲလာ ပရိသတ်များက မန်းတောင်ရိပ်ခိုတေးသီချင်းများကို သံပြိုင်သီဆိုကြပြီး တူညီကကြိုးများဖြင့် ကပြဖျော်ဖြေကာ ၁၃၆၈ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်ကို အောင်မြင်စွာပိတ်သိမ်းလိုက်သည်။

ညပိုင်းတွင် ၁၃၆၈ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော ယိမ်းအဖွဲ့များ၊ အိုးစည်နှင့် ဒိုးပတ်အဖွဲ့များအား ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပသည်။ **(သတင်းစဉ်)**

မီး သတိပြု

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက် လယ်ယာရွှေမြေလမ်း အမှတ် ၈၃၄ ဟု ခေါ်တွင်သော အဆောက်အအုံ၏မြေညီထပ်၊ ပထမထပ်တို့နှင့်ပတ်သက်၍ သက်ဆိုင်သူနှင့် အများသိစေရန် သတိပေးကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူဦးလှကြိုင် အမှတ်၁၃၊ မြို့ပတ်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ သတိပေးကြေညာသည်မှာ–

အထက်တွင် ဖော်ပြထားသော တိုက်ခန်းနှစ်ခန်းနှင့် ပတ်သက်၍ လက်ရှိပိုင်ဆိုင်နေထိုင်သူ ဒေါ်နုနုငယ် ၁၂/တမန(နိုင်)၀၅၆၇၁၆အပေါ်တွင် ကတိပဋိညာဉ်အတိုင်း ဝယ်ယူထားသည့်တိုက်ခန်း လက်ရောက်ရလိုမှုဖြင့် ကျွန်ုပ်၏အမှုသည် ဦးလှကြိုင်က ရန်ကုန်တိုင်း တွဲဖက်တိုင်းတရားသူကြီး(၂)ရုံးတော်၌ တရားမကြီးမှုအမှတ်–၃၆၉/၂၀၀၇ကို တရားစွဲဆိုထားပြီး ၁၄–၅–၂၀၀၇ရက်နေ့သို့ ချိန်းဆိုထားကြောင်း သက်ဆိုင်သူနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးဝင်းမြင့်(လက်ပံတန်း)
ဦးလှကြိုင်၏တရားရုံးချုပ်ရှေ့နေ
အမှတ်၅၀၊ ပထမထပ်၊ ဘဏ်လမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၀၉–၈၉၂၀၈၁၅၊ ၃၇၂၂၈၃။

ဇီ ဝိ တ ဒါ န သံ ဃာ့ ဆေး ရုံ ကြီး

အမှတ်(၃၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၇၉၅ ၊ ၅၄၅၇၈၂

အလှူရှင်များသို့ နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ပစ္စည်းလေးပါးဖြင့် စဉ်ဆက်မပြတ် ထောက်ပံ့လှူဒါန်းခဲ့ကြသော ပြည်တွင်းပြည်ပအလှူရှင်များအားလုံး ၁၃၆၉ ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယတွင် ဘေးအန္တရာယ်အပေါင်းမှ ကင်းငြိမ်း၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ဆေးရုံအုပ်ချုပ်ရေးအဖွဲ့

နှင်းဆီကုန်းဘိုးဘွားရိပ်သာ
နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား ကူညီလှူဒါန်းကြသူအလှူရှင်များနှင့် ဝေယျာဝစ္စကုသိုလ်ရှင်များအားလုံး ဘေးဘယာဝေးကွာ၍ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေကြောင်း ရိပ်သာနေ ဘိုးဘွားများနှင့် စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဝန်ထမ်းများက ၁၃၆၉ ခုနှစ်၊ မြန်မာ့နှစ်သစ်ချိန်ခါသမယတွင် ဆုတောင်းမေတ္တာပို့သပါသည်။ ဤရိပ်သာကြီး နှစ်ပေါင်းရာထောင်မကတည်တံ့ခိုင်မြဲစေရန် ကူညီစောင့်ရှောက်နိုင်ကြပါစေသတည်း။

နှင်းဆီကုန်းဘိုးဘွားရိပ်သာ
အမှတ် (၂၁) ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊
ဖုန်း – ၅၄၁၇၉၆၊ ၅၄၁၇၉၇၊ ၅၄၆၁၉၇

တောင်ဥက္ကလာပမြို့နယ် ၁၀ ရပ်ကွက် (၃၁)လမ်း ကတ္တရာလမ်းဖွင့်ပွဲကို ဧပြီ ၉ ရက်က ကျင်းပရာ လမ်းအရှည် ၆၆၂ပေအကျယ်၁၀ ပေ ကုန်ကျငွေကျပ်သိန်း ၄၀ ကို တစ်ဦးတည်း အလှူရှင် ကွယ်လွန်သူ ဖခင်ကြီး ဦးအောင်မြင့်အားရည်စူး၍ သား ကိုမြင့်ဆန်းမိသားစုက လှူဒါန်းရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်စိန်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းနိုင်၊ အလှူရှင် ကိုမြင့်ဆန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၉၂)

သင့်သွေးဖြင့် အသက်ကယ်ပါ။

မိုးလေဝသအခြေအနေ ၁၇-၄-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိပါသည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိပါသည်။

သိက္ခာထပ် ရဟန်းခံ ရှင်အပါး ၁၀၀၀ရှင်ပြု အလှူတော်မင်္ဂလာသီတဂူဓမ္မသဘင်

ရန်ကုန် ဧပြီ ၁၆

ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့ ဘုရားကြီးလမ်း ရှမ်းမလေးကုန်မျိုးစုံစတိုးမိသားစုတို့၏ သိက္ခာထပ် ရဟန်းခံရှင်အပါး ၁၀၀၀ ရှင်ပြုအလှူတော်မင်္ဂလာပွဲ သကျမုနိမိုယ်းကောင်းဘုရားအာရုံခံတန်ဆောင်းတွင် ကျင်းပမည်ဖြစ်ရာ ဧပြီ ၂၁ရက် မွန်းလွဲ ၁ နာရီတွင် သီတဂူဆရာတော် ဒေါက်တာအရှင် ဉာဏိဿရ (D.Litt, Ph.D)က ရေစက်ချအနုမောဒနာတရားတော် ချီးမြှင့်မည်ဖြစ်ရာ ထိုနေ့ည ၇ နာရီတွင် မဇ္ဈိမဂုဏ်ရည်ဆရာတော် ဘဒ္ဒန္တ ဒေါက်တာကောဝိဒ အရှင်သူမြတ်တို့က နိမ့်မှာန် ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်၍ ကြွရောက်နာယူနိုင်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

အားကစား ဒီပလိုမာသင်တန်းဆင်းပွဲ ကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၁၆

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဧပြီ ၆ ရက် ညနေ ၃နာရီက အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) သင်တန်းခန်းမ၌ ကျင်းပသည့် အားကစား ဒီပလိုမာ သင်တန်း အမှတ်စဉ်(၁၀)ဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ဒီပလိုမာလက်မှတ်များကို သင်တန်းသား၊ သင်တန်းသူ တစ်ဦးချင်းစီသို့လည်းကောင်း၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဦးဝင်းထက်မွန်၊ စာပေထူးချွန်ဆုရ ဦးအောင်သူနှင့် သင်တန်းသား စံပြဆုရ ဒေါ်ကေသီတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ရာထူးခန့်အပ်သည့် အမိန့်စာများအား သင်တန်းသား၊ သင်တန်းသူများသို့ တစ်ဦးချင်း ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အဆိုပါသင်တန်းကို ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၀၇ခုနှစ် ဧပြီ ၆ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၁ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေသည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာ ရဟန်းတော်များ၏ အဖွဲ့ပိုင်သုံးထပ် ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေး ဗိမာန်တော်ကြီး) အတွက် AUSTRALIA နိုင်ငံ PERTH မြို့နေ ကွယ်လွန်သူ မိဘများကို ရည်စူး၍ ဦးကျော်ဇေယျ-ဒေါ်သင်းသင်းဦး မိသားစုတို့၏(ကိုယ်စား) ဓမ္မမိတ်ဆွေ ဒေါ်စန္ဒာအေးနှင့် မိသားစုက ကျောင်းအလှူငွေ အမေရိကန်ဒေါ်လာ ၁၀၀ကို အကျိုးတော်ဆောင်ဆရာတော် အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ(မြစ်ကြိုး)၏ ရှေ့မှောက်တွင် ကျောင်းတော်ကြီးဖြစ်မြောက်ရေး အကျိုးတော်ဆောင်အဖွဲ့ ဒေါ်ကေသက်မော်ထံသို့ အမှတ်(၄၂) ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့(အလှူတော်ငွေလက်ခံရာဌာန)၌ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
ကဆုန်လဆန်း (၃)ရက်
၁၈-၄-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉း၃၅ ဟောပြောချက်
(ဆင်အကအစ ကျောက်ဆည်က)

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား
(မုံရွာစက်မှုဇုန်ထုတ်လယ်ယာသုံး စက်ကိရိယာများနှင့် သုံးဘီး၊ ဆိုင်ကယ်ထုတ်လုပ်မှုများ အကြောင်း)

၁၂း၀၀ ယဉ်ကျေးမှုအနုပညာ
(မြန်မာ့သကြိန်-ဒုတိယပိုင်း- မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဦးဇော်ဉာဏ်)

၁၂း၂၅ သူ့အတွေးနဲ့ သူ့အရေး
(ကြံ့ခိုင်ကျန်းမာသောစိတ်- ဒေါက်တာခင်မောင်ညို)

၁၂း၃၅ သီချင်းကြိုးပဒေသာ
(၁) အို-ကြော့ဆုံးမယ်ပတ်ပျိုး
(ခရမ်းအုန်းကျော်)
(၂) ဘုန်းဖြော့ဖြော့မင်းပတ်ပျိုး
(ကမ္ဘောဇမေသင်းရီ)

ညနေပိုင်း

၁၇း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ဘယ်နေ့ပြန်လာမှာလဲမောင်
(ထား)
(၂) စိမ်း
(ကိုမြင့်ဆွေ)
(၃) ချစ်တိုင်းလည်းမညား ညားတိုင်းလည်းမချစ်
(ခင်ညွန့်ရီ)

၁၇း၁၅ နိုင်ငံ့စီးပွား ကျေးလက်ထုတ်ကုန်များ
(ပဲခူးတိုင်း၊ တောင်ငူမြို့က ဒေသထွက် လက်ဆောင် ပဲလှော်၊ ပဲကြော်)

၁၇း၃၀ အစာ အာဟာရ
(ကျောက်ကျော ဆေးကုလားမ)

၁၇း၄၅ သူ့လက်သံ
(ရန်ကုန်တိုင်းမှ မဖူးငုံကျော်နှင့် ဧရာဝတီတိုင်းမှ မဖြိုးဝေသော်ရဲ့ စန္ဒရားလက်သံ)

၁၈း၄၀ စာအုပ်စာပေ လူ့မိတ်ဆွေ
(၁) သင့်ဘဝကို ပြောင်းလဲပစ်နိုင်မည့် နည်းလမ်းခြောက်ဆယ်
(ခင်စောတင့်)
(၂) သာလွန်-တက္ကသိုလ်ဝင်တန်း- အင်္ဂလိပ်မီးနင်းများ
(ဦးတင့်ဝင်းနိုင်)

၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး
ချိုကြည်သာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ဆုရည်၏ မောင့်မှုပိုင်ရှင် စီးရီး)

၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ငယ်ကချစ်တော့မမေ့သာ
(သန်းဖေလေး)
(၂) ခရေအချစ် (ပုဏ္ဏဝတီစိုးစိုးနွယ်)
(၃) ချိုပလီ(မောင်ဝင်းမြင့်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ် အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတု စိန်တိုးကျောင်းဆောင်တော်ကြီးအတွက် အနှစ် (၂၀)ပြည့်မင်္ဂလာ အထိမ်းအမှတ်အဖြစ် ဦးသန်းမြင့်-ဒေါ်သီတာချိုပြုံး၊ သမီး မလှဲ့ရွှေရည်မြင့်၊ သားမောင်ထင်ကိုမြင့် မိသားစု အမှတ် ၂၉/၃၀ လင်းလွန်းလမ်းစမ်းချောင်းက အလှူငွေကျပ်တစ်သိန်းကို ကျောင်းဆောင် ဖြစ်မြောက်ရေးအဖွဲ့ နာယကဆရာတော် မိုးညှင်းအရှင်ဣန္ဒကထံ ဆက်ကပ် လှူဒါန်းစဉ်။ (က-ပ)

အဘိဓမ္မာပိဋကဝင် ကျမ်းစာအုပ်များအတွက် ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၁၆

အဘိဓမ္မာပိဋကဝင် ကျမ်းစာအုပ်များအတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစက ပဏ္ဍိတ) အရှင်မြတ်ထံသို့ ကြည့်မြင်တိုင်မြို့နေ ဦးမြင့်အောင်-ဒေါ်ခင်ယုဆွေ၊ သမီး မဖြူခင်မိုးထက် မိသားစု၊ကြည့်မြင်တိုင်မြို့နေ ဦးစိုးဝင်း-ဒေါ်ချိုချိုမာ၊ သမီး မချိုဇင်ဟန်၊ သား မောင်စိုးဝေယံထက်မိသားစု၊ ကြည့်မြင်တိုင်မြို့နေ ဦးကံရွှေ-ဒေါ်ညွန့်ရီ၊ သမီး မမြင့်မြင့်ဦး၊ မသန်းသန်းနွယ်၊ မသန်းသန်းရွှေ၊ သား ကိုဖိုးပါကြီး၊ မြေး မောင်အောင်သူမြင့်မိသားစု၊ ကြည့်မြင်တိုင်မြို့နေ ဦးလှသောင်း-ဒေါ်ခင်အုန်းမြင့်၊ သမီး မဖြူဖြူစိုးမိသားစု၊ ကြည့်မြင်တိုင်မြို့နေ ဦးယောက်ဝါ-ဒေါ်သန်းဝင်း မိသားစု၊ ကြည့်မြင်တိုင်မြို့နေ ဦးကျော်ကျော်မိသားစု၊ လှိုင်မြို့နေ ကိုဇင်မင်းအောင်-မလင်းလင်းထက်၊ ကြည့်မြင်တိုင်မြို့နေ ဦးချစ်ထွန်း - ဒေါ်အေး မိသားစု၊ သာကေတမြို့နယ်နေ ဦးစိုးတင့်-ဒေါ်တင်စန်းမိသားစု၊ မုံရွာမြို့နေ ဦးဝင်း-ဒေါ်တင်လှမိသားစု၊ ကွယ်လွန်သူ မိခင်ဒေါ်ခင်လေးမြင့်၊ သား မောင်သက်ခိုင်ဦးတို့အားရည်စူး၍ ဦးဘဌေး၊ ဦးသိန်းအောင် - ဒေါ်မြမြမိသားစု၊ ဦးမောင်အေး - ဒေါ်ငယ်မိသားစု၊ ဦးပေါက်စ-ဒေါ်ခင်ပြုံးပြုံး မိသားစုနှင့် ဦးမြင့်ဆွေ-ဒေါ်ခင်ရွှေဝင်းမိသားစု၊ မုံရွာမြို့နေ ဒေါ်အုံးမြင့်၊ ကြည့်မြင်တိုင်မြို့နေ ဦးကွဲ-ဒေါ်တင်ကြည်၊ သမီး တင်တင်မြ၊ မစန်းအေး၊ မခိုင်လှရီ၊ မခိုင်မိသားစု၊ မိဘများအား အမှူးထား၍ မနွယ်နွယ်အေး၊ မသန်းသန်းအေးမိသားစု၊မန္တလေးမြို့နေ ကိုနေဝင်း၊ ကိုမြင့်ဆွေ၊ မစုလေး၊ ဈေးချို မန္တလေး မြို့နေ မိခင် ဒေါ်တင်တင်လေး၊ သားကိုမျိုးကျော်၊ သမီး မမြင့်မြင့်ချို၊ မြေး မတာရာကျော်၊ (လူပုံတော်ပတ္တမြားဆေးတိုက်)မိသားစု၊ မောင်အောင်ဇေယျ-မခိုင်၊ ကြည့်မြင်တိုင်မြို့နေ နှစ်ဖက်သောမိဘများအားအမှူးထား၍ဦးကျော်ထက်-ဒေါ်စုစုလင်းမိသားစု၊ ဦးစန်းဝင်း- ဒေါ်မော်လေး(ခ)ဒေါ်သန်းဌေးမိသားစု၊ မရမ်းကုန်းတို့က ကြေးပြားတစ်ချပ်စီ လှူဒါန်းကြသည်။

လှူဒါန်း

ကြေးသေတ္တာအတွက် ရုံ (က)ဒိုင် အမှတ်(၆) ဗဟိုစံပြငါးဈေး ကြည့်မြင်တိုင်မြို့နယ်က အဖ ဦးစီ-အမိဒေါ်သန်းတင်အား ရည်စူး၍ သမီး ဒေါ်ကြွယ် (ခ)ဒေါ်လှမြင့် ပြည့်စုံမိသားစု၊ ယမက (ယမိုက်)ပါဠိတော် တတိယအုပ် ကြေးသေတ္တာတစ်လုံး ငွေကျပ် ၁၂၀၀၀၀ ကို ကြေးပိဋကတ်တော်ပြုလုပ်ရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တ ဉာဏထံ လှူဒါန်းကြသည်။ **(က-ပ)**

ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဂုဏ်ပြုပူဇော်

ရေတာရှည် ဧပြီ ၇

နိုင်ငံတော်က မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော ပဲခူးတိုင်း ရေတာရှည်မြို့နယ် ရွှေဂူကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇရိယ ဆရာတော်ကြီးအား ရေတာရှည်မြို့နယ်အသင်း (ရန်ကုန်) က မြို့နယ်အသင်း နာယကနှင့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ အသင်းသူ အသင်းသားများက အလှူငွေ ကျပ်တစ်သိန်းနှင့် ဝတ္ထုပစ္စည်းများ ဂုဏ်ပြုလှူဒါန်းပူဇော်ပွဲ အခမ်းအနားကို ဧပြီ၁ရက် နံနက် ၆နာရီက ဘိုးဘွားရိပ်သာဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်(မိုး) နေအိမ်တွင် ကျင်းပသည်။

အခမ်းအနားတွင် မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ရေတာရှည်မြို့နယ်အသင်း (ရန်ကုန်) မှ နာယကများဖြစ်ကြသော ဗိုလ်မှူးကြီး မောင်မောင်(ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးလှမောင်(ငြိမ်း)နှင့် မြို့နယ်အသင်းဥက္ကဋ္ဌ ဦးမောင်မောင်ကြည်၊ အတွင်းရေးမှူး ဦးတင့်နှင့် အဖွဲ့ဝင်များက လှူဒါန်းပူဇော် ငွေကျပ်တစ်သိန်းနှင့် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းပူဇော်ကြပြီး ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူ ဆောက်တည်၍ တရားနာယူကြသည်။ **(က-ပ)**

နွေရာသီ အခြေခံအင်္ဂလိပ်စကားပြောသင်တန်း မုဒုံမြို့၌ဖွင့်

ရန်ကုန် ဧပြီ ၁၆

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနှင့် မုဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းတို့ စီစဉ်မှုဖြင့် နွေရာသီအခြေခံ အင်္ဂလိပ်စကားပြော သင်တန်းဖွင့်ပွဲကို မတ် ၂၄ ရက်က မုဒုံမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ရီရီမြင့်နှင့် အလုပ်အမှုဆောင်များ၊ မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မော်လမြိုင် ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးဇော်မြင့်နှင့် အလုပ်အမှုဆောင်များ၊ နည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသားများ တက်ရောက် ကြသည်။ **(အပေါ်ပုံ)**

တစ်လကြာ

သင်တန်းဖွင့်ပွဲတွင် မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က အမှာစကား ပြောကြားသည်။ သင်တန်းကာလမှာ တစ်လကြာမြင့်မည် ဖြစ်ပြီး ဘွဲ့ရသင်တန်းသား ၇၂ ဦး၊အခြေခံပညာအထက်တန်း အဆင့်၊ အလယ်တန်းအဆင့် ၁၁၉ ဦး စုစုပေါင်း ၁၉၁ ဦး တက်ရောက်ကြသည်။

(သတင်းစဉ်)

Online Wear Fashion ဆိုင်သစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၆

Online Wear Fashionဆိုင်သစ်ဖွင့်ပွဲကို ဧပြီ ၁ ရက်က ရန်ကုန်မြို့ လှိုင်မြို့နယ်(၁၆)ရပ်ကွက် ပါရမီလမ်းမကြီး အမှတ်(၉)တွင် ကျင်းပရာ လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးငွေစန်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်၊ ကဏန်းလုပ်ငန်းရှင်များအသင်း နာယက၊ လူမှုထူးချွန်ဒုတိယအဆင့် ဦးမြတ်ဦးတို့က ဖဲကြိုး ဖြတ်၍ ဆိုင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

အဆိုပါဆိုင်သစ်သည် (၆၁)ဆိုင်မြောက် Online Branded ရရှိနိုင်သော ဆိုင်ခွဲဖြစ်ပြီး ကျားဝတ်၊ မဝတ်၊ ကလေးဝတ် အရွယ်စုံ အဝတ်အထည်အမျိုးမျိုးတို့ကို သကြၤန်အကြို အထူးဈေးနှုန်းဖြင့် တစ်နေရာတည်းတွင် စုစည်းရရှိနိုင်ပြီး လက်လီလက်ကား ဝယ်ယူရရှိနိုင်သည်။

ဖွင့်ပွဲအပြီးတွင် တက်ရောက်လာကြသူများအား ပိုင်ရှင် ဒေါ်ယဉ်ယဉ်မိုးနှင့် ကိုယ်စားလှယ် ဒေါ်ဝါဝါလွင်တို့က ဆိုင်သစ်အတွင်း လိုက်လံရှင်းလင်း ပြသခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

အခြေခံပညာ အထက်တန်းကျောင်းအမှတ် (၆) အလုံ၏ မူလတန်းဆင့် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ချီးမြှင့်ပွဲကို မတ် ၂၃ ရက်က ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမျိုးဝင်းက စတုတ္ထတန်းကျောင်းသူ မလမင်းသူအား သင်ယူပြီးမြောက်ခြင်း လက်မှတ် ချီးမြှင့်စဉ်။ (က-ပ)

စရိကာလီယမ္မာ(လ်)မယ်တော်ကြီးဘုရားကျောင်းပူဇော်ပွဲ ပြည်မြို့၌ကျင်းပ

ပြည် ဧပြီ ၆

နှစ်စဉ် ကျင်းပမြဲဖြစ်သော ဒုတိယအကြိမ်မြောက် စရိကာလီယမ္မာ(လ်) မယ်တော်ကြီးဘုရားကျောင်း အထူးပူဇော်ပွဲ အခမ်းအနားကို မတ် ၂၉ရက် နံနက် ၁၀နာရီက ပြည်မြို့ ဆံတော်နယ်မြေ၊ ဆေးရေးရပ်၊ စရိကာလီယမ္မာ(လ်) မယ်တော်ကြီး ဘုရားကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးတင်ဝင်းက ဟိန္ဒူဓလေ့ ထုံးတမ်းအရ မင်္ဂလာတဘက်တော်အား ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်အား လွှမ်းခြုံပေးပြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးလှဝင်းက မင်္ဂလာပန်းကုံး စွပ်ပေးသည်။

ထို့နောက် တိုင်းဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်က စရိကာလီယမ္မာ(လ်) မယ်တော်ကြီးဘုရားကျောင်း အထူးပူဇော်ပွဲကို မင်္ဂလာအချိန်တွင် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဆီမီးထွန်းညှိပူဇော်ပေးသည်။ **(ယာပုံ)**

ယင်းနောက် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးတင်ဝင်းက သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ဟိန္ဒူလူပျိုများက ဟိန္ဒူဓလေ့အရ အကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေသည်။ ၎င်းအထူးပူဇော်ပွဲကြီးကို မတ် ၂၀ ရက်မှ စတင်ကျင်းပခဲ့ရာ ၂၇ ရက်တွင် ရှင်တော်ဗုဒ္ဓမြတ်ဘုရားအား ဦးထိပ်ပန်ဆင်ပြီး စရိကာလီယမ္မာ(လ်) မယ်တော်ကြီးအား ပြည်မြို့တွင်းသို့ ဒေသစာရီ လှည့်လည်အပူဇော်ခံ၍ မတ် ၂၈ ရက်ည ၈ နာရီတွင် မယ်တော်ကြီးကျောင်းရှေ့၌ မီးနင်းပွဲတော်ကိုလည်းကောင်း၊ ၂၉ ရက် နံနက် ၁၀ နာရီတွင် အထူးပူဇော်ပွဲ ကိုလည်းကောင်း၊ ည ၇ နာရီတွင် မယ်တော်ကြီးအား ပင့်ဆောင်ပြီး အခိဋ္ဌာန်ဖြင့် ပျိုးထားသော ပဲပင်များကို ဧရာဝတီမြစ်ကမ်း ဂင်္ဂါမြစ်နှင့် ဆက်သွယ်သောမြစ်တွင် ပဲပင်များရေမျော ပူဇော်ပွဲများကိုလည်းကောင်း ကျင်းပပြီး မယ်တော်ကြီးအား ဘုရားကျောင်းတော်သို့ ပြန်လည်ပင့်ဆောင်ကြသည်။ **(၄၀၃)**

မကွေးမြို့နယ် စည်ပင် သာယာ ရေးအဖွဲ့ပိုင် ပန်းခြံများ စိမ်းလန်းစိုပြည် သာယာ လှပရေး အတွက် ကြေးရုပ် ပန်းခြံ အတွင်း မတ်၁၅ရက်က မြို့နယ် စည်ပင်သာ ယာရေး အဖွဲ့ လက် ထောက် ညွှန်ကြား ရေးမှူး ဦးလင်းဦး ကြီးကြပ်၍ အဖွဲ့ဝန် ထမ်းများဖြင့် စုပေါင်း ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မလေငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အရှင်ဆန္ဒာဓိက စက်ရေတွင်းတူးရန် ငွေလှူဒါန်း

ရေနံချောင်း ဧပြီ ၂

ရေနံချောင်းမြို့နယ် ထိန်ကျောင်းကျေးရွာရှိ အမှတ်(၃၅) အခြေခံပညာ မူလတန်းကျောင်းအတွက် စက်ရေတွင်း တူးဖော်ရန် မတ်၂၀ရက်က ဆရာတော် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)က ငွေကျပ်ငါးသိန်းကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၂၉၇)**

တောင်ကြီး စက်မှုလက်မှုအထက်တန်းကျောင်း စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

တောင်ကြီး ဧပြီ ၃

တောင်ကြီးမြို့ စက်မှုလက်မှုအထက်တန်းကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၂၉ရက် (တနင်္ဂနွေနေ့)တွင် တောင်ကြီးမြို့ ကုန်းသာကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံကြမည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများသည် ဆရာဦးကျော်ချွန် (အငြိမ်းစား) ဖုန်း-၀၈၁-၂၂၉၉၆၊ ဆရာဦးသောင်းထွန်း(အငြိမ်းစား) ဖုန်း-၀၁-၇၂၂၅၇၀ နှင့် ဆရာဦးစိန်မောင် (အငြိမ်းစား) ဖုန်း-၀၁-၇၀၀၁၉၈ တို့သို့ ဆက်သွယ် ကြရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ဦးစိုးညွှန့် ဖုန်း-၀၈၁-၂၁၆၅၇၊ ဦးခင်မောင်ဝင်း ဖုန်း-၀၈၁-၂၁၇၁၅၊ ဦးတင်အောင် ဖုန်း-၀၉-၅၂ ၁၁၁၄၆၊ ဦးလှသိန်း ဖုန်း- ၀၉-၅၁ ၉၂၉၇၅၊ ဦးညိုမင်းဒင် ဖုန်း-၀၁-၂၂၀၃၄၁၊ ၀၁-၂၁၂၀၀၇၊ဒေါ်စန်းစန်းမြင့် ဖုန်း-၀၉-၅၁ ၈၄၄၂၈၊ ဦးချစ်ထွန်း ဖုန်း-၀၉-၅၀ ၁၉၇၇၁၊ ဦးအေးဝင်း ဖုန်း-၀၂-၃၁၄၅၄ နှင့် ဦးအောင်မြင့်သိန်း ဖုန်း-၀၆၂-၂၁၉၃၉တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြေတင် လမ်းခင်း

မိတ္ထီလာမြို့နယ် စည်ပင် သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ညောင်ပင်လှ - ခင်သာ - ညောင်ပင်ကုန်း မြေသားလမ်းကို အဖွဲ့ပိုင် မြေတင်စက်ဖြင့် မြေတင်လမ်းခင်း ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိဦးခင်မောင်ချို မတ်၈ရက်က ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

တပ်မတော်သားများအတွက် အစားအစာနှင့် ဆေးဝါးများ လှူဒါန်း

ညောင်လေးပင် မတ် ၃၁

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ရှေ့တန်းရောက် တပ်မတော်သားများအတွက် အစားအစာနှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းပွဲကို မတ် ၁၆ရက် နံနက် ၁၀ နာရီက ညောင်လေးပင်မြို့ သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးက လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် အစားအသောက်၊ ဆေးဝါးများကို ပေးအပ်လှူဒါန်းရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးရန်နိုင်ကျော်က လက်ခံယူပြီး **(အပေါ်ပုံ)** ကျေးဇူးတင်စကား ပြောကြားသည်။

အသိအမှတ်ပြုလွှာ

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် အသိအမှတ်ပြုလွှာ ၁၀၀၀နှင့် ရင်ထိုးတံဆိပ်များကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးက အဖွဲ့ဝင်အသီးသီးသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၁၃၄)**

မြို့ရေပေးရေးဖွင့်ပွဲ ဟုမ္မလင်း၌ ကျင်းပ

ဟုမ္မလင်း ဧပြီ ၂

ဟုမ္မလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့သော အမက(၂)ကျောင်းအနီး အများသုံးရေကန် မြို့ပြရေပေးရေး ဖွင့်ပွဲကို မတ် ၂၇ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နားခါတောင် ရပ်ကွက်အတွင်းရှိ အနော်ရထာလမ်းမကြီးကို ဖေဖော်ဝါရီ ၈ ရက်က အဖွဲ့ပိုင်စက်ယန္တရား အသုံးပြု၍ ပြုပြင်ဖာထေးမှုကိုအငယ်တန်း အင်ဂျင်နီယာ(၂)ဦးဒေဝအောင်က တာဝန်ယူကြီးကြပ်ဆောင်ရွက်ရာသို့ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးထွေး ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ဝက်သက်ရောဂါနှင့် တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများဟောပြော၊ ကျန်းမာရေးစစ်ဆေး

နေပြည်တော် ဧပြီ ၂

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးဦးစီးဌာန ဇေယျာသီရိမြို့နယ် တိုင်းရင်းဆေးကုဌာန ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်နမ့်စမိုင်းလေ ဦးဆောင်သောအဖွဲ့သည် မတ် ၁၀ ရက်က ဇေယျာသီရိမြို့နယ် ကျုံတနော်အရှေ့ကျေးရွာအုပ်စုတွင် တိုင်းရင်းဆေးပညာပေးဟောပြောပွဲ ကျင်းပခြင်းနှင့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ **(ဝဲပုံ)**

ဟောပြော

အခမ်းအနားတွင် ကျုံတနော်အရှေ့ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကြည်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယတိုင်းရင်းဆေးမှူးဒေါ်နမ့်စမိုင်းလေက ဝက်သက်ရောဂါနှင့် တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများကို ဟောပြောသည်။

ကုသပေး

ထို့နောက် တက်ရောက်လာကြသော ကျေးရွာပြည်သူများနှင့် ဝေဒနာရှင်များအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကုသပေးခြင်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

17-4 (16) 1 4/17/07, 1:55 PM

လက်ထပ်ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

မန္တလေးမြို့နေ ဒေါက်တာဦးဇော်ဝင်း(၁)(တိုင်း-ခွဲစိတ်အထူးကု ဆရာဝန်ကြီး-အငြိမ်း)-ဒေါ်ခင်သောင်းတို့၏ သားကြီး

မောင်ထွန်းနောင်(ခ)မောင်ထွန်းထွန်းဝင်း (B.A, D. S.A)

နှင့်

မန္တလေးမြို့နေ ဗိုလ်ကြီးသန်းမောင်(အထူးအရာရှိ၊ တယက၊ မန်း-ငြိမ်း)-ဒေါ်မြင့်မြင့်ဌေးတို့၏ သမီးကြီး

မညိုလဲ့ဝင်းမောင် B.Sc(Q), M.Sc(Credit), M.Res(Bot:)

တို့၏ ၃၀-၃-၂၀၀၇ရက်(သောကြာနေ့)တွင် ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲတွင် လက်မှတ်ရေးထိုးပေးခဲ့သော ဒုတိယခရိုင်တရားသူကြီး ဦးဇော်ဝင်းဆွေအားလည်းကောင်း၊ မင်္ဂလာအသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးသော ဒေါက်တာဦးထွန်းကြည်နှင့်ဇနီး ဒေါ်ခင်ခင်မြင့်တို့အားလည်းကောင်း၊ ၂-၄-၂၀၀၇ရက် (တနင်္လာနေ့)တွင် Oriental House Restaurant၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဦးစောမျိုးမြင့်လွင်-ပါမောက္ခဒေါ်သဲသဲအေး (ရတနာပုံတက္ကသိုလ်)၊ မင်္ဂလာလက်စွပ်များ ဆင်မြန်းချီးမြှင့်ပေးသော ဗိုလ်မှူးကျော်ဇင် (ငြိမ်း)-ဒေါ်မြမြလေး(တရားရုံးချုပ်ရှေ့နေ)တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး အဖြစ် ဆောင်ရွက်ပေးသော ဒေါ်စိုးစိုး၊ မင်္ဂလာပန်းကြဲပေးသော မဝေဝေခင်၊ မင်္ဂလာ အောင်စံပယ်ပန်းဗန်းကိုင်ဆောင်သူ မပိုးအိသန္တာ၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင် ပေးသော မမွန်ရည်သိမ့်၊ သတို့သားအရံ ဗိုလ်ကြီးဟိန်းစည်သူမောင်နှင့် သတို့သမီးအရံ မခင်မျိုးနွယ်၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်အလှဖန်တီးရှင် မိုးကုတ်-ပေါက်ပေါက်နှင့်အဖွဲ့၊ ပန်းအလှပြင်ဆင်ပေးသော ခင်မောင်ဝင်း(မာမီကင်း)၊ မှတ်တမ်းတင် ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော မောင်မောင်လှတင့်(မန်းတက္ကသိုလ်)၊(Oriental House Restaurant)မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ဤမင်္ဂလာညှော်ခံပွဲသို့ ကြွရောက် အားပေးကြသော ဂုဏ်သရေရှိလူကြီးများအားလည်းကောင်း၊ အဘက်ဘက်မှ ကူညီပေး ကြသော ဦးကိုလေးနှင့်ညီများ၊ မမျိုးသန္တာနှင့်ညီမများ၊ ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်း အားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ထွန်းနောင်-မညိုလဲ့ဝင်းမောင်။

မင်္ဂလာဦးဆုမွန်

အစ်ကိုကြီး ကိုထွန်းနောင် နှင့် **မမကြီး မညိုလဲ့ဝင်းမောင်** တို့၏ မော်ကွန်းတင် လက်ထပ်မင်္ဂလာ ရက်မြတ်(၃၀-၃-၂၀၀၇)ရက်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ဘဝခရီးတစ်လျှောက် ပျော်ရွှင်ချမ်းမြေ့မှုအပေါင်းနှင့် ပြည့်စုံသော မိသားစုဘဝကို ရယူ ပိုင်ဆိုင်နိုင်ပါစေ။

ညီလေး-ဒေါက်တာ ကျော်ကျော်ထင် (M.B.,B.S)
ညီလေး-ဗိုလ်ကြီး ဟိန်းစည်သူမောင်(B.A, D.S.A)
ညီမလေး-မမွန်ရည်သိမ့် B.Sc(Hons;)M.Sc Part II IC
ညီမလေး-မဝေဝေခင်(M.B.,B.S)(Final Part I)UMM .

အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့်

အကြောင်းကြားစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၇ ခုနှစ် တရားမအထွေထွေမှုအမှတ်-၆၂

ဒေါ်ရှုဝါ
တိုက်အမှတ်(၁)၊ အခန်း-၃၊ပြည်တော်သစ်အိမ်ရာ၊ အောက်ပုဇွန်တောင်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ **လျှောက်ထားသူ**
(ကွယ်လွန်သူ ဦးတင်အေး၏ ကျန်ရစ်သောပစ္စည်းများကိစ္စ)
ရန်ကုန်မြို့

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ပြည်တော်သစ်အိမ်ရာ တိုက်(၁)၊အခန်း(၃)တွင် နေထိုင်ခဲ့သော ၇-၁-၂၀၀၇ရက်တွင် ကွယ်လွန်ခဲ့သူ ဦးတင်အေး ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်း၍ အမွေဆက်ခံခွင့်လက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်း ဒေါ်ရှုဝါက အမွေဆက်ခံရေး ဥပဒေအရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၀၇ခုနှစ် မေလ ၂ ရက် နံနက် ၉း၃၀နာရီအချိန်တွင် ကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ကွယ်လွန်သူဦးတင်အေး ကျန်ရှိသောပစ္စည်းများတွင် အကျိုးသက်ဆိုင်သည်ဟု အဆိုရှိသူမည်သူမဆို အဆိုပါအမှုတွင် အမှုဆိုင်လိုပါက ချိန်းဆိုထားသောနေ့တွင် ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ် တစ်ဦးဦးဖြင့်လည်းကောင်း လာရောက်အမှုဆိုင်ရန်နှင့် အမွေဆက်ခံခွင့်လက်မှတ်စာ ထုတ်ပေးခြင်းမပြုမီ သက်ဆိုင်ရာအမှုကို ကြည့်ရှုရန် အမွေဆက်ခံခြင်းဥပဒေနှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့ လာရောက် အမှုဆိုင်ရန် ပျက်ကွက်ခဲ့လျှင် တရားရုံးက လျှောက်ထားသူဖြစ်သော ဒေါ်ရှုဝါ၏ လျှောက်ထားလွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၇ခုနှစ် ဧပြီလ ၁၀ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **ခင်ဆွေရီ**
တွဲဖက်တိုင်းတရားသူကြီး(၁)
ရန်ကုန်တိုင်းတရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၅ ခုနှစ် တရားမဓာရီမှုအမှတ်-၁၂၈(အမ်)

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ဒေါ်နွဲ့နွဲ့ရီ
မိတ္ထီလာမြို့
တရားနိုင် **တရားရှုံး**

၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ် ၁၄၇တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ခုနှစ် မေလ ၂၃ ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ် နယုန်လဆန်း၈ရက်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ပေါက်ချောင်းရပ်ကွက် အကွက်အမှတ် (၁၄/ခ ပေါက်ချောင်း) ဦးပိုင်အမှတ် (၈၆/ဃ)မြေကွက်အမှတ်(၁၀၆/၂၁၁)မြေချိန်ဧရိယာ(၀ဒသမ ၀၆၈) ဧကရှိမြေနှင့်ယင်းမြေပေါ်ရှိ (၂၉ x ၂၇)ပေရှိလူနေနှစ်ထပ်တိုက်၊ (၁၀x ၁၀) ပေရှိ မီးဖိုချောင်၊ ရေချိုးခန်း၊ ရေလောင်းအိမ်သာ၊ အုတ်တံတိုင်း။

လေလံကြမ်းခင်းဈေး ကျပ်(၇၁)သိန်း
ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင်မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် မတ်လ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

စိန်သန်း
တွဲဖက်တိုင်းတရားသူကြီး(၄)
မန္တလေးတိုင်းတရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၅ ခုနှစ်၊ တရားမဓာရီမှုအမှတ်-၁၇၁

မန်နေဂျာ ၁။ ဦးဇော်ဝင်း
မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၂။ ဒေါ်လှလှမြင့်
ဝမ်းတွင်းမြို့
တရားနိုင် **တရားရှုံး**

၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ် ၂၃တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ ခုနှစ် မေလ ၉ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ် ကဆုန်လပြည့်ကျော် ၈ရက်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့ သဲတော(၃)ရပ် ကွင်း(၄/ခ ဘူတာရပ်) ဦးပိုင်(၂-၃၆/က) မြေကွက်အမှတ်(၃၉၊ ၃၇/၁၁၈) ဧရိယာ ၀ဒသမ ၁၁၆ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂၆ × ၂၆)ပေ သွပ်မိုး၊ အုတ်ကာတစ်ထပ်တိုက်၊ (၁၀ ×၁၅)ပေ သွပ်မိုး၊ အုတ်ကာ၊ ဂိုဒေါင်အဆောက်အအုံ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၇၀
ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့် အတိုင်းရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် မတ်လ၃၀ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။ **စီစီ**
တွဲဖက်တိုင်းတရားသူကြီး(၅)
မန္တလေးတိုင်းတရားရုံး။

ရုပ်ပျိုတိုင်းရင်းဆေး

ထုတ်လုပ်ခွင့်လိုင်စင်
၁၁/၂၀၀၅-တဆထလ/တိုး (၃၈)

သွေးတိုးရောဂါ ဆေးပြား

အမည်မှန် ကျိုင်းတုံမြို့ အလက(၄) ပဥ္စမတန်းမှ ဦးသန့်ဇင်၏သား စိုင်းနွံမိုင်း၏ အမည်မှန်မှာ စိုင်းနွံမိန်း ဖြစ်ပါသည်။ **စိုင်းနွံမိန်း။**

(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် န/၅၇၇၇ TOYOTA HILUX P/U ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းတစ် ၁၃/ကတန(နိုင်) ၀၃၈၅၇၆ နှင့် ယ/၄၃၄၀၀ Yamaha (DT-125) ယာဉ် လက်ဝယ်ရှိသူ ဦးမြင့်စိုး ၁၃/ကတန(နိုင်)၀၉၇၁၈၉ တို့က (ကမ-၃)မိတ္တူလျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုပါက ၁၅ရက် အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ (ပြည်နယ်ရုံး)
ကျိုင်းတုံ။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/ ၁၈၄၅၉ Qingqi Qs90 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးကျော် ထွန်း မှတ်ပုံတင်အမှတ် ၁၄/ပသန (နိုင်) ၁၉၄၁၂၄က ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညနရုံး၊
ပုသိမ်မြို့။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကြို့ပင်ကောက်မြို့ စက်တိုင်ကုန်းရပ်ကွက် ရန်ကုန်ပြည်လမ်းနေ ဦးသိန်းအောင်(ခ) ဦးဘာဘူဘိုင်နှင့် ဒေါ်စိန်တို့၏သား မောင်လွင်ဦး(ခ)မောင်ဘာရီယား ၇/ကပက(နိုင်) ၀၅၀၈၃၂သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိဘနှင့်ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမများ၏ ဂုဏ်သိက္ခာ ကျဆင်းရန် အမျိုးမျိုးလုပ်ဆောင်ခြင်းကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါ သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်မယူပါ။ (စုံစမ်းမေမြန်းခြင်း သည်းခံပါ။)

ဦးသိန်းအောင်(ခ)ဦးဘာဘူဘိုင် **ဒေါ်စိန်**
၇/ကပက(နိုင်) ၀၆၂၅၂၂ **၇/ကပက(နိုင်)၀၆၂၅၂၃။**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၈၀၊ မြေကွက်အမှတ် ၅/၁၀က၊ မြေကွက်တည်နေရာ အမှတ် ၈၃/ခ၊ စေတနာသုခလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ် မြို့နယ် (ဒေါ်ဖြူ၊ ဦးသာထွန်းဦး၊ ဒေါ်ခင်ညွန့်)အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်တစ်ဦးဖြစ်သော ဒေါ်ဖြူ ကွယ်လွန်သဖြင့် သားဦးဉာဏ်ထွန်းအောင် ၁၂/ကမရ(နိုင်)၀၂၃၁၄၆၊ သမီး ဒေါ်သန္တာဖြူ ၁၂/ကမရ(နိုင်)၀၂၇၀၂၁ တို့က သားသမီး တော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ မြေကွက်အမှတ် ၅/၁၀ က ဧရိယာ ၀ ဒသမ ၂၆၂ ဧကအနက် မခွဲမစိတ်ရသေးသော အစိတ်အပိုင်း ၁၄၅' ခန့် / ၆၉'+၇၉' ခန့် X ၄၀'+၁၀' ခန့် / ၅၀' ခန့် အတွက် အမှားပြင် စာချုပ်ရန် စွန့်လွှတ် စာချုပ်ရန်နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၈၀ မြေကွက်အမှတ် ၅/၁၀ က၊ မြေကွက်တည်နေရာ အမှတ် ၈၃/က စေတနာသုခလမ်း(၃)ရပ်ကွက် ကမာရွတ်မြို့နယ် (ဒေါ်ဖြူ၊ ဦးသာထွန်းဦး၊ ဒေါ်ခင်ညွန့်) အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဦးသာထွန်းဦး ကွယ်လွန်သဖြင့် ဇနီး ဒေါ်ခင်ညွန့် ၁၂/ကမရ(နိုင်)၀၃၆၀၁၆ ဖြင့် ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ မြေကွက်အမှတ် ၅/၁၀ က ဧရိယာ ၀ ဒသမ ၂၆၂ ဧက မြေပိုင်မြေကွက်၏ မခွဲမစိတ်ရသေးသော အစိတ် အပိုင်းဧရိယာ ၅၀' / ၅၀' X ၁၄၄' / ၁၄၀' ခန့်အား (၁)မြေကွက်ခွဲစိတ်ရန်၊ (၂)အမှားပြင်ရန် နှင့် (၃)အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

မီးဘေးရှောင် မလောင်ခင်တား။

အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော နဝရတ်လမ်း ဂဝံလမ်းပေါက် ဖာထေးခြင်းလုပ်ငန်းကို မတ် ၂၃ရက်က ဒုတိယဦးစီးမှူး (အခွန်) ဦးစန်းလွင် ကြီးကြပ်ဆောင်ရွက်စဉ်။ (၀၇၄)

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်ခိုင်နှင့်အဖွဲ့ မတ်၂၃ရက်က ကွမ်းခြံကုန်းမြို့မှဒေးဒရဲမြို့အသွား နစ်မြုပ်သွားသော ချစ်သောင်း မော်တော်မှ ခရီးသည်များ၏နာရေးအတွက် အလှူငွေ ကျပ်တစ်သိန်း၊ မြို့နယ်ကြက်ခြေနီ အသင်းအတွက် ငွေကျပ်ငါးသောင်းနှင့် စနေသန့်ရှင်းရေး စေတနာ့ဝန်ထမ်း လူငယ်အဖွဲ့သို့ ငွေကျပ်ငါးသောင်းတို့ကို ကွမ်းခြံကုန်းမြို့နယ် ဥက္ကဋ္ဌ ဦးကျော်ဝင်းရှေ့မှောက်တွင် လှူဒါန်းစဉ်။ (က-ပ)

မြဝတီမြို့ အမှတ်(၄)ရပ်ကွက် သုခမိန်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာ ခင်းရန် ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင် ရွက်မှုကို မတ် ၂၀ရက်က အမှုဆောင် အရာရှိ ဦးခင်မောင်သန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းထွန်းတို့ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆီးရီးယားအာရပ်သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၇

၂၀၀၇ ခုနှစ် ဧပြီ ၁၇ ရက်တွင် ကျရောက်သော ဆီးရီးယားအာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ဆီးရီးယားအာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘာရှာအယ်(လ်) အာဆက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

၁၃၆၈ ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲကျင်းပ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် ဧပြီ ၁၆

၁၃၆၈ ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နန်းမြို့သူ မဟာသင်္ကြန်မဏ္ဍပ်နှင့် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားများကို ဧပြီ ၁၃ ရက် ညနေပိုင်းက အဆိုပါမဟာသင်္ကြန်မဏ္ဍပ်များ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားများသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ***စာမျက်နှာ ၉ ကော်လံ ၁*** ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ရှေ့မှ သင်္ကြန်အလှပြယာဉ်များ ဂါရဝပြု ဖြတ်သန်းမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နှစ်ဦး ဆုမွန်

* နှစ်ဦးချိန်ခါမင်္ဂလာတည့်
ကမ္ဘာသူ ကမ္ဘာသား
လူသားအားလုံး၊ ပီတိဖုံး၍
ရွှင်ပြုံးကြည်သာအဖြာဖြာ
လိုရာဆန္ဒပြီးပြည့်ဝစေ
ဘဝသက်တာ၊ စိတ်ချမ်းသာ၍
ကျန်းမာရွှင်လန်းကြပါစေ။

* မိမိတိုင်းပြည်၊ အကျိုးရည်၍
ချစ်သည်ဆတိုး၊ ကိုယ့်လူမျိုးတွက်
တိုးတက်၊ ဆောင်ရွက်နိုင်ပါစေ။

* ကိုယ်နှင့်မခြား၊သူတစ်ပါးလည်း
နိုးကြားထက်မြက်၊ တိုးတက်ခြင်းမှာ
မုဒိတာပွား၊ မေတ္တာထားနိုင်ကြပါစေ။

* လူသားချင်းချင်း၊ ရိုင်းပင်းစာနာ
ကြင်နာစိတ်ထား၊ နှလုံးသားနှင့်
လေးစားညှာတာတတ်ပါစေ။

* စိတ်ကောင်းမြင့်မြတ်၊ မွေးမြူလတ်၍
လူ့ပတ်ဝန်းကျင်လောကခွင်
သန့်စင်ငြိမ်းချမ်း၊ ဘေးမသန်းဘဲ
အေးချမ်းသာယာပါစေသတည်း။ ။

ငြိမ့်နိုင်